ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့၊ (31-7-2008) (၅၇၅၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်တိုင်း၏ ၂၀၀၈-၂၀၀၉ ခုနှစ် ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲ၊ တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် ၂၀၀၇-၂၀၀၈ ခုနှစ် လယ်ယာကဏ္ဍ ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ငါးပြေမကျေးရွာ ဒဂုံတံတားချဉ်းကပ်လမ်းအနီး ယာယီမဏ္ဍပ်၌ ကျင်းပသည့် ရန်ကုန်တိုင်း၏ ၂၀၀၈-၂၀၀၉ ခုနှစ် ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲ၊ တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် ၂၀၀၇-၂၀၀၈ ခုနှစ် လယ်ယာကဏ္ဍ ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ကောက်စိုက်ပြိုင်ပွဲဝင် အသင်းများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံတောင်သူလယ်သမားများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအချိန်သည် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊တပ်မတော်နှင့် လူမှုရေးအသင်းအဖွဲ့များအားလုံး တက်ညီလက်ညီဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းရေးကို ကြိုးပမ်းအားထုတ်နေချိန်တွင် နိုင်ငံတော်၏ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း၏ ၂၀၀၈-၂၀၀၉ခုနှစ် ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲ၊တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် ၂၀၀၇-၂၀၀၈ ခုနှစ် လယ်ယာကဏ္ဍ ထူးချွန်ဆုချီးမြှင့်ပွဲတွင် ပြသထားသည့် ဌာနဆိုင်ရာပြခန်းများနှင့် အရောင်းဆိုင်ခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

“ယခုဖွဲ့စည်းပုံ အခြေခံဥပဒေသစ်သည် မြန်မာနိုင်ငံ မြန်မာပြည်သူများအတွက် ယနေ့အချိန်တွင် အကောင်းဆုံးနှင့် အသင့်မြတ်ဆုံး ဖြစ်ကြောင်းကို ပြည်သူအားလုံးက ယုံကြည်လက်ခံထားပြီးလည်းဖြစ်သည်။ အစိုးရအနေနှင့် ၎င်းဥပဒေကိုအခြေခံပြီး နိုင်ငံတော်ကို ဒီမိုကရေစီပြည်သူ့အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲနိုင်ရေးအတွက် မမိုတ်မသုန် ကြိုးပမ်းဆောင်ရွက်နေကြောင်းကိုလည်း သိမြင်နားလည်ကြသည်။ ထို့ကြောင့် ပြည်သူက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို တစ်ခဲနက် ထောက်ခံအတည်ပြုပေးခဲ့ခြင်းဖြစ်သည်။”

လူသစ်၏ ***“ပြည်သူတို့၏ ဒီမိုကရေစီပန်းတိုင်ကို အလှမ်းဝေးအောင် မလုပ်သင့်ပါ”*** (ဆောင်းပါး) စာမျက်နှာ-၆၊ ၇

ကြေးမုံ The Mirror ကျန်းမာရေးဆိုင်ရာ အင်တာနက်သတင်း

ကမ္ဘာတွင် အိုင်ဒီစ်ရောဂါဖြင့် သေဆုံးသူအရေအတွက် ကျဆင်းလာကြောင်း တွေ့ရဟု ကုလသမဂ္ဂဟောပြ

ဝါရှင်တန် ဇူလိုင် ၃၀

ကမ္ဘာတစ်ဝန်းတွင် အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကို နှစ်(၂၀)အတွင်း အရှိန်အဟုန်ဖြင့် ကြိုးစားဆောင်ရွက်ခဲ့ရာ အေအိုင်ဒီအက်စ်ရောဂါဖြင့် သေဆုံးသူဦးရေမှာ ၂၀၀၇ ခုနှစ်မှစ၍ နှစ်နှစ်ဆက်တိုက် ကျဆင်းလာကြောင်း တွေ့ရသည်ဟု ကုလသမဂ္ဂအဖွဲ့က ဇူလိုင် ၂၉ ရက်တွင် ပြောကြားသည်။ **စာမျက်နှာ ၇ ကော်လံ ၅ သို့** ▲

ကြေးမုံ The Mirror

၃၁-၇-၂၀၀၈
(ကြာသပတေးနေ့)

ခရီးသွားလာ ကုန်စည်ပို့ဆောင်မှု ပိုမိုချောမွေ့စေရေး လမ်းတံတားလုပ်ငန်းများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်

ရေမြေသဘာဝသယံဇာတပေါများကြွယ်ဝခြင်း၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ခြင်း၊ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်ခြင်းတို့သည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်များဖြစ်သည်။

မြန်မာနိုင်ငံတွင် ပထဝီဝင်အနေအထားအရ မြစ်ချောင်းများပေါများသည့် ဒေသ၊ တောင်တန်း၊ ချိုင့်ဝှမ်း လျှိုမြောင်များကာဆီးနေသည့်ဒေသ၊ မြစ်ဝှမ်းလွင်ပြင်နှင့် ကုန်းမြင့်ဒေသများ ရောပြွမ်းတည်ရှိနေသည်။ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူတို့၏ စွမ်းအားဖြင့် သဘာဝအဆီးအတားများကို ကျော်ဖြတ်၍ လမ်း၊ တံတားပေါင်းများစွာကို ကြိုးပမ်းဖောက်လုပ်တည်ဆောက်နိုင်သဖြင့် ဒေသတစ်ခုနှင့်တစ်ခု လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်လျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ ဧရာဝတီမြစ်ကူးတံတားကြီး ရှစ်စင်းအပါအဝင် ပေ ၁၈၀ နှင့်အထက် တံတားကြီးပေါင်း ၂၃၅ စင်းကို တည်ဆောက်ပေးထားပြီးဖြစ်သည်။ ထို့အပြင် ပြည်ထောင်စုတစ်ဝန်း အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် သွားလာ၍ရသည့် လမ်းကွန်ရက် စနစ်လည်း ဖြစ်ပေါ်နေပြီဖြစ်ရာ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု သွက်လက်မြန်ဆန်လာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုအကျိုးပြုလျက်ရှိသည်။

ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှုအပေါ်တွင် အခြေခံလျက်ရှိသည်နှင့်အညီ နိုင်ငံတော်က ပြည်နယ်နှင့်တိုင်းအနှံ့ လမ်း၊ တံတားပေါင်းများစွာကို တိုးမြှင့်ဖောက်လုပ်တည်ဆောက်ပေးနေသည်။ အဆိုပါ လမ်း၊ တံတားများကို နိုင်ငံတော်၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များလည်း ပေါင်းစပ်လုပ်ကိုင်လျက်ရှိသည်။

လမ်းလုပ်ငန်းများလုပ်ကိုင်ရာတွင် ငွေကြေးအရင်းအနှီး ပမာဏကြီးမားသကဲ့သို့ဒေသ၏ မြေပြင်အနေအထား၊ ရာသီဥတုအခြေအနေတို့နှင့် ကိုက်ညီဖော်ဆောင်ကြရသဖြင့် မျက်ခြည်မပြတ်ထိန်းသိမ်းကြည့်ရှုလုပ်ကိုင်ကြမှသာ လမ်းများရေရှည်တည်တံ့ခိုင်ခံ့နေမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အတတ်ပညာရှင်၊ ကာယဉာဏလုပ်သားများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ပေါင်းစည်းဆောင်ရွက်မှုဖြင့် လမ်း၊ တံတားပေါင်းများစွာကို ဆက်လက်ဖောက်လုပ် တည်ဆောက်လျက်ရှိရာ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့လာပြီး ဒေသစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအကျိုးပြုလျက် ရှိနေသည်။ ။

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်မြို့တွင် ကြွရောက်သီတင်းသုံးတော်မူကြသည့် ညောင်တုန်းမြို့နယ်မှ ဆရာတော်ကြီး ၁၆ ပါးတို့အား ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်) အသင်းဝင် မိသားစုများက (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း စုပေါင်းကပ်လှူပွဲကို ဩဂုတ် ၃ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်-၂၁/၄၃(စီ) (ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး)ရှိ ဧရာဝတီတိုင်းမွှာရုံ၌ ကျင်းပမည်ဖြစ်ရာ ညောင်တုန်းမြို့နယ်အသင်းဝင်မိသားစုအားလုံး(အသင်းဝင်မဖြစ်သေးသူများပါ) ကြွရောက်ကုသိုလ်ယူကြရန် ဖိတ်ကြားထားကြောင်းသိရသည်။ (ကြေးမုံ)

ရွှေတိဂုံစေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံ ပြင်ဆင်ရန်အတွက် ရန်ကုန်မြို့နေ ဗိုလ်မှူး စိုးလွင်(ငြိမ်း)-ဇနီး ဒေါ်အေးမြင့်လတ်၊ သမီး ဒေါက်တာဆုမြတ်ရွှေစင်၊ ဒေါက်တာဆုလဒ်ရတနာ၊ သား ဒေါက်တာကောင်းခန့်ကျော် မိသားစုက ဒေါက်တာဆုမြတ်ရွှေစင် (ခေတ္တ-ဂျာမနီ)၏ မွေးနေ့အလှူအဖြစ် အမေရိကန်ဒေါ်လာ ၁၀၀ နှင့်ငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမြသိန်း လက်ခံယူစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကွမ်းခြံကုန်းမြို့နယ်အတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ဆရာ၊ ဆရာမများနှင့် ပညာရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (စွမ်းအင်)

ရန်ကုန် ဇူလိုင် ၃၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇူလိုင် ၂၇ ရက်တွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ဆရာ၊ ဆရာမများနှင့် ပညာရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ မြို့ပေါ်ကျေးရွာ အထက်တန်းကျောင်း ငါးကျောင်းမှ အထက်တန်းပြဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဝန်ကြီးနှင့် တက်ရောက်လာကြသူများက ပညာရေးဆိုင်ရာများကို အသေးစိတ်ညှိနှိုင်းဆွေးနွေးကြပြီး ဝန်ကြီးက ကွမ်းခြံကုန်းမြို့ ပညာရေးကဏ္ဍပိုမိုတိုးတက်ရေးအတွက် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် ကွမ်းခြံကုန်း မြို့မဈေးကြီး ပြန်လည်ပြုပြင်တည်ဆောက်နေမှု လုပ်ငန်းခွင်သို့ ရောက်ရှိရာ အေးရှားဝေါလ်ကုမ္ပဏီ ဒါရိုက်တာ ဦးသန်းမြင့်နှင့် တာဝန်ရှိသူတို့က မြို့မဈေးကြီးနှင့် ဆက်စပ်အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နေမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးသည် ဈေးကြီးအတွင်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာ သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ တည်ဆောက်ရေး၊ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေးတို့ကို မှာကြားသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် သုံးခွကျေးရွာ ဖလန်းကျောင်းတိုက်သို့ သွားရောက်၍ ဝါဆိုသံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဖလန်းကျောင်းဆရာတော် ဘဒ္ဒန္တပညောဘာသထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး လှူဒါန်းမှုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ယင်းနောက် ဝန်ကြီးသည် အဆိုပါကျောင်း၌ကျင်းပသော မလေးရှားနိုင်ငံ SBM ကုမ္ပဏီနှင့် ရန်ကုန်မြို့နေ ဦးကိုကိုအောင်၊ ဦးအောင်ဇေယျသူငယ်ချင်းတစ်စုတို့က လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်၊ မုန့်မျိုးစုံနှင့် အိမ်သုံးပစ္စည်းများကို သုံးခွကျေးရွာအတွင်းရှိ အိမ်ထောင်စုပေါင်း ၅၂၅ စုတို့အား လှူဒါန်းမှုကို တက်ရောက်အားပေးပြီး ကျေးရွာပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

STI Education မှ စာစီစာကုံး၊ စကားရည်လုပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် သင်တန်းဆင်း အောင်လက်မှတ်ချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

STI Education ၏ စာစီစာကုံးပြိုင်ပွဲနှင့် စကားရည်လုပွဲတွင် ဆုရရှိသူများ၊ သင်တန်းအောင်မြင်ပြီးဆုံးသူများအား အောင်လက်မှတ်များ ချီးမြှင့်သည့် အခမ်းအနားကို ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင်ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ STI Education ၏ အကြံပေးပါမောက္ခ ဆရာမကြီး ဒေါ်လှမြင့်က အမှာစကားပြောကြားပြီး Category A စကားရည်လုပွဲ နောက်ဆုံးအဆင့်ပြိုင်ပွဲကို 'It is better to be young and poor than to be old and rich' ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ သုံးဦးစီ ပါဝင်သော အဖွဲ့နှစ်ဖွဲ့က ယှဉ်ပြိုင်ကြသည်။

ထို့နောက် Category B စကားရည်လုပွဲကို 'Money is the root of all evils' ခေါင်းစဉ်ဖြင့် STI Education ၏ TESOL နှင့် TEFL သင်တန်းသား၊ သင်တန်းသူ နှစ်ဦးစီ ပါဝင်သော အဖွဲ့နှစ်ဖွဲ့က ဆက်လက်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် STI Education မှ သင်တန်းအောင်မြင်ပြီးဆုံးသူများအား သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်ရာLogistics Management, TESOL, Hospitality and Tourism Management, Business Management ဒီပလိုမာ အောင်လက်မှတ်ရရှိသူများ၊ Certificate in TEFL, Certificate in Business Management and English နှင့် English to Go အောင်လက်မှတ်ရရှိသူများအား အောင်လက်မှတ်များ ချီးမြှင့်ပေးသည်။

ထို့အပြင် စာစီစာကုံးပြိုင်ပွဲတွင် Category A ၌ ပထမဆုရရှိသူ မောင်မြတ်သူမောင်၊ ဒုတိယဆုရရှိသူ မကြည်ဖြူငြိမ်း၊ နှစ်သိမ့်ဆုရရှိသူ မောင်ဟေမာန်မင်းလွင်ဦးနှင့် Category B တွင် နှစ်သိမ့်ဆုရရှိသူ ဦးအောင်နိုင်ဝင်း တို့အား Mrs. Jean Braidက ဆုများအသီးသီးချီးမြှင့်သည်။

ယင်းနောက် စကားရည်လုပွဲတွင် Category A အတွက် ပထမဆုရရှိသူ မောင်ဉာဏ်အောင်နှင့်အဖွဲ့**(အောက်ပုံ)**၊ ဒုတိယဆုရရှိသူ မဖြူမိခိုင်နှင့် အဖွဲ့တို့အား အငြိမ်းစားပါမောက္ခ ဆရာမကြီး ဒေါ်ခင်စုစုသွယ်က ဆုများပေးအပ်ချီးမြှင့်ပြီး Category B အတွက် ပထမဆုရရှိသူ မခင်ပြည့်ဝန်းသော်တာနှင့်အဖွဲ့၊ ဒုတိယဆု ရရှိသူ မောင်သူရကျော်နှင့် အဖွဲ့တို့အား အငြိမ်းစား ပါမောက္ခဆရာမကြီး ဒေါ်မေကျော်မြင့်က ဆုများချီးမြှင့်သည်။

STI Education သည် University of London (UOL) မှ ချီးမြှင့်မည့် Bachelor of Management ကို Queensfield Business School, Singapore ၌ သုံးနှစ် စရိတ်သက်သာစွာ တက်ရောက်သင်ကြားနိုင်မည်ဖြစ်ပြီး Security deposit စင်ကာပူဒေါ်လာ ၅၀၀၀ ပေးသွင်းရန် မလိုကြောင်း သိရှိရသည်။

ထို့ပြင် Australia နိုင်ငံ Edith Cowan Universityနှင့် Singapore Institute of Materials Management တို့ ပူးပေါင်းဖွင့်လှစ်သည့် Diploma in Design (Interior / Exterior/Multimedia)ကိုSIMM, Singapore နှင့် Edith Cowan University, Australia တို့တွင် တက်ရောက်နိုင်ပြီး ယခုအခါ ဒီဇိုင်းပညာရပ်၏ ဒီပလိုမာ သို့မဟုတ် ဘွဲ့ရရှိပြီးပါက အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်များပြားလျက်ရှိကြောင်းသိရှိရသည်။

(သတင်းစဉ်)

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီးဒေါ်ခင်ခင်ရီမိသားစုက မကွေးတိုင်း နတ်မောက်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဖျောက်ဆိပ်ပင် ပရိယတ္တိစာသင်တိုက်တို့မှ ဝါဆိုဝါကပ်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၆ရက်တွင် နတ်မောက်မြို့ ဒီပင်္ကရာ ပရိယတ္တိစာသင်တိုက် သာသနာ့ဗိမာန်တော်၌ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒီပင်္ကရာ ပရိယတ္တိ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝါယမထံမှ ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် ပရိသတ်တို့က ဆရာတော်၊ သံဃာတော်တို့ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တဝါယမက သာဓုအနုမောဒနာတရားဟောကြားချီးမြှင့်၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်း မိသားစု၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကိုနတ်မောက်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ ဂုဏ်ထူးရရှိကြသူများအား ဂုဏ်ပြုဆုများကို လည်းကောင်း၊ သင်ကြားပြသပေးသော ဆရာ၊ ဆရာမ ၂၃ ဦး ကိုယ်စား မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်ဦးထံသို့ ဂုဏ်ပြုဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ကျောက်ပန်းတောင်းမြို့ အဌမအကြိမ် ပညာရည်ချွန်ဆုပေးပွဲတွင် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သော ခြောက်ဘာသာဂုဏ်ထူးရှင်မောင်ဘုန်းမြင့်ကျော်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (စက်မှု-၁)

ဆက်လက်၍ တာဝန်ရှိသူများက နှစ်ဘာသာ ဂုဏ်ထူးရှင် လေးဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၂၀ နှင့် အခြေခံပညာ အထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် နတ်မောက်မြို့ပေါ်ရှိ အခြေခံပညာ မူလတန်းကျောင်းများမှ နဝမတန်းမှ သူငယ်တန်းအထိ တန်းစဉ်အလိုက် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရေနံချောင်းမြို့ စတားမော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးကုမ္ပဏီ ဦးရဲမြင့်-ဒေါ်ဝင်းမော်ထွန်း မိသားစုက ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသန်းဌေးအောင်က လက်ခံပြီး ကျောင်းအုပ်ဆရာကြီးနှင့် ငါးဘာသာဂုဏ်ထူးရှင်မောင်ကျော်စိန်လင်းတို့က ကျေးဇူးတင်စကား ပြန်လည် ပြောကြားကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် နတ်မောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး၌ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၀မှ အသင်းကိုယ်စားလှယ်များအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့မှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့ မြို့နယ်အားကစားခန်းမ၌ ကျင်းပသောပညာရည်ချွန်ဆုပေးပွဲသို့ တက်ရောက်၍အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးနှင့် ငါးဘာသာဂုဏ်ထူးရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း၊ တာဝန်ရှိသူများက လေးဘာသာနှင့်သုံးဘာသာ ဂုဏ်ထူးရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးရှင်နှစ်ဦးနှင့် ငါးဘာသာဂုဏ်ထူးရှင်လေးဦးတို့အား ဂုဏ်ပြုဆုငွေနှင့် သင်ကြားပေးသော ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား မောင်ကျော်ဇေယျာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး၌ မြင်းခြံခရိုင်နှင့် မြို့နယ် ငါးမြို့နယ်မှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ကျောက်ပန်းတောင်းမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ အသင်းကိုယ်စားလှယ်များအား တွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ အလုံမြို့နယ် ငုဝါလမ်း မီးရထားရိပ်သာနေ နှစ်ဖက်သောမိဘများနှင့် ဦးပျို့တို့အားရည်စူး၍ ဒေါ်တင်လှ၏ (၇၅)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက်ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးချစ်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

နိုင်ငံတကာမှ ထောက်ပံ့ရေး ပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၃၀

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၂၄ဒသမ၀၅၁ တန်သည် ဇူလိုင် ၂၉ ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ရန်ကုန်မြို့၏ နာယကဆရာတော်၊ အင်ပူမြို့နယ် ထူးကြီးမြို့ ဇေတဝန် ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍာဝုဓာဘိဝံသသည် အမေရိကန်နိုင်ငံ နယူးဂျာစီ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁) (MIMC) ၏ ပင့်ဖိတ်မှုအရ ဇူလိုင် ၂၃ ရက်က ကြွရောက်တော်မူရာ အဖွဲ့ချုပ် အတွင်းရေးမှူး ဦးအောင်နိုင်မြင့်နှင့် အမှုဆောင်များ၊ ဒါယကာ၊ ဒါယိကာမများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်ကြည်ညိုကြစဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၇-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၂၀ ၃။ အမျိုးသားရေး တေးကဗျာ
၄း၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၄း၅၀ ၆။ အမျိုးသားရေး တေးကဗျာ
၅း၂၀ ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅း၃၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ **ကာတွန်းအစီအစဉ် ကျားကလေးရဲ့ မွေးရပ်မြေ အပိုင်း(၁၇)**
၆း၃၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -စံပါပဲ အပိုင်း (၁)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေး တေးကဗျာ
၁၉။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -အဘိဓမ္မာ သဒ္ဒါ မြတ်ကျမ်းစာ(၂)
၂၀။ ကုန်သွယ်သုတ
၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အဖြူရောင် မြွေမင်းသမီးလေး အပိုင်း (၃၆)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ဘိုကလေးမြို့နယ် ကျေးရွာများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၃၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇူလိုင် ၂၈ရက်တွင် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ ရောက်ရှိပြီး လေဘေးသင့်ပြည်သူများအတွက် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းပိုက်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ငါးဖမ်းစက်လှေနှင့် ငါးဖမ်းပိုက်များ ပေးအပ်လှူဒါန်းရာ ရေလုပ်သားများကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် ဝန်ကြီးသည် လှူဒါန်းသည့် စက်တပ်လှေများကို ကြည့်ရှုစစ်ဆေးပြီး ရေလုပ်သားများအား အားပေးစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ဆန်းအခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ယာယီစာသင်ဆောင်များ ဆောက်လုပ်ပြီးစီးမှု၊ ကလေးများ စာသင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ဆန်းကျေးရွာအတွင်း လေဘေးသင့်ပြည်သူများအတွက် လူနေအိမ် ၁၀၈လုံး ဆောက်လုပ်ပြီးစီးသဖြင့် မိသားစုများ ပြောင်းရွှေ့နေထိုင်မှု၊ ကျေးရွာအတွက် စာကြည့်တိုက် ဆောက်လုပ်ပြီး စာအုပ်များ ဖြည့်ဆည်းထားရှိမှု၊ ကျေးရွာအတွင်း အိမ်ဆိုင်ဖွင့်လှစ်ရောင်းချပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး စက်ဆန်းကျေးရွာအတွင်း ရွာလယ်လမ်းမကြီး ပြုပြင်ထားမှု၊ ကျေးရွာသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးသည်ကြိမ်ချောင်းကြီးကျေးရွာသို့ ရောက်ရှိပြီး လေဘေးသင့်ပြည်သူများအတွက် လူနေအိမ် ၁၂၀ဆောက်လုပ်ပြီးစီးသဖြင့်မိသားစုများပြောင်းရွှေ့နေထိုင်မှု၊ ရှေ့တန်းကျန်းမာရေးစခန်း ဖွင့်လှစ်ထားရှိမှု၊ တိလောကမာရဇိန်စေတီတော် ပြုပြင်ထီးတော်တင်လှူထားမှု၊ နဂါးရုံဘုရားတည်ထားမှု၊ စာကြည့်တိုက် ဖွင့်လှစ်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး ကြိမ်ချောင်းကြီးကျေးရွာ မူလတန်းလွန်ကျောင်းနှင့် မူလတန်းကျောင်းများ၌ စာပေသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေး၍ ကလေးများအတွက် ထောက်ပံ့ငွေပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် မြင်းကကုန်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာ ဆေးပေးခန်းသို့ ထုထရေးဒင်း ကုမ္ပဏီမှ ဆေးဝါးများ လှူဒါန်းမှုနှင့် ကျေးရွာဆေးခန်း၊ အခြေခံပညာ အထက်တန်းကျောင်းနှင့်ကျေးရွာပတ်ဝန်းကျင်တစ်လျှောက် လယ်စိုက်ပျိုးပြီးစီးနေမှုများကိုကြည့်ရှုစစ်ဆေးသည်။

အဆိုပါမြင်းကကုန်းကျေးရွာအုပ်စုတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများပြီးစီးပြီဖြစ်သဖြင့်ဩဂုတ်လလယ်ပိုင်းတွင်ထွန်တုံးပိတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာသင်ကြားမှုကြည့်ရှု

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် ကလေးများ စာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သစ်တော)

ခါးနာခြင်းအကြောင်း သင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၃၀

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့မှ ကြီးမှူးကျင်းပမည်ဖြစ်သော (A Practical Guide to Low Back Pain) ခါးနာခြင်းနှင့် ပတ်သက်သည့် လက်တွေ့လမ်းညွှန်ကုထုံးများအကြောင်း ဉာဏ်သစ်လောင်း သင်တန်းကို ဩဂုတ် ၂ရက် (စနေနေ့) နံနက် ၈နာရီမှ ၁၂နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)တွင် ကျင်းပမည်ဖြစ်၍ အကြောအဆစ် ဆရာဝန်များ၊ အခြားစိတ်ဝင်စားသူဆရာဝန်များ၊ ဆရာမများ၊ အကြောကျွမ်းကျင် ပညာရှင်များ၊ ခြေတုလက်တုကျွမ်းကျင် ပညာရှင်များတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၃၀

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

ဇူလိုင် ၂၉ရက်တွင် လှူဒါန်းကြသော အလှူရှင်များမှာ ဦးခင်မောင်အေးနှင့် ဒေါ်ခင်ချိုချို၊ သား ကိုခင်ဇော်လတ်၊ Susi Lawati၊ ဒေါ်သန်းသန်းမြင့်၊ ဒေါ်အေးအေးသန်းတို့က လူနေအိမ်တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်း၊ ဆရာတော် ဘဒ္ဒန္တကုစက္က၊ ဂျုတ်စမ်းတောရ ထုံးဘို(ပန်းတောင်းမြို့နယ်)က ငွေကျပ် ၂၄၀၄၀၀ တို့ဖြစ်သည်။

ဇူလိုင် ၃၀ရက်တွင် လှူဒါန်းကြသော အလှူရှင်များမှာ ဦးခင်မောင်မြင့်နှင့် ဒေါ်တင်ခွဲ့ငြေး မိသားစု မဂ္ဂင်လမ်း(ကျောက်မြောင်း)က ငွေကျပ်တစ်သိန်း၊ Mr. Kin Nam Do (Chairman), Mr. Deok Su (Vice Chairman) & Group, Platinum-21 Company, Korea က လူနေအိမ် ၁၀လုံးအတွက် ငွေကျပ်သိန်း ၆၀၊ Sergi, Elena, Gloria, Gokha (Barcilona, Spain) က လူနေအိမ် တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်း၊ Mr. Hiro Yuki Tomita, President, Shinsei Co., Ltd., Japan က အက်ဖ်အီးစီ ၅၀၀တို့ဖြစ်သည်။

ဇူလိုင် ၂၉ရက်နှင့် ဇူလိုင် ၃၀ရက်တို့တွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၇၅၄၀၄၀၀နှင့် အက်ဖ်အီးစီ ၅၀၀တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗိုလ်ချုပ်အောင်ဆန်းဈေး အထူးဈေးရောင်းပွဲတော်ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရွှေသရဖူ မိသားစု ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ဗိုလ်ချုပ်အောင်ဆန်းဈေး အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲကို ဇူလိုင် ၂၈ရက်နံနက် ၉နာရီက အဆိုပါမင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်နှင့် ရွှေသရဖူ မိသားစု ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်နွဲ့မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဓါတ်ပုံ)**

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းဈေး အထူးဈေးရောင်းပွဲတော်တွင် အဝတ်အထည် အမျိုးမျိုး၊ အလှကုန် အမျိုးမျိုး၊ စားသောက်ကုန် အမျိုးမျိုးတို့ကို နံနက် ၉နာရီမှ ည ၇နာရီအထိ ပွဲတော်လာ ပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ဆိုင်ခန်းပေါင်း ၁၀၀ ကျော်ဖြင့် ဩဂုတ် ၁ရက်အထိ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇူလိုင် ၃၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်လဲ့လဲ့သိန်းအား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

စေတီတော်တည်ထားရေး အလှူတော်ငွေပေးအပ်ပွဲ

ရန်ကုန် ဇူလိုင် ၃၀

ကမ္ဘာ့ဝိပဿနာတရားပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ ဦးဆောင်၍ အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင်တည်ဆောက်လျက်ရှိသည့် ရွှေတိဂုံစေတီတော်ပုံတူ ကမ္ဘာ့ဝိပဿနာ လိုဏ်ဂူစေတီတော်ကြီးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ရက်(ကြာသပတေးနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ဓမ္မဇောတိ ဝိပဿနာရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ (ကြေးမုံ)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) စုပေါင်းသွေးလှူပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ သတ္တမအကြိမ်မြောက် ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ် ၉ရက်(စနေနေ့) နံနက် ၈နာရီတွင် အဆိုပါဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေကြသော သွေးလိုအပ်နေသည့် သံဃာတော်များ၊ သီလရှင်များအတွက်ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လက်ခံယူကြမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်လှူဒါန်းလိုသူများသည် လူကိုယ်တိုင် အဆိုပါဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန၊ သီလရှင်များပြင်ပလူနာဌာန၊ လူပုဂ္ဂိုလ်များပြင်ပလူနာဌာန၊ ဆေးရုံအုပ်ကြီးရုံးနှင့် အုပ်ချုပ်ရေးမှူးရုံးတို့တွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ တယ်လီဖုန်းဖြင့် ဆက်သွယ်စာရင်းပေးသွင်းလိုပါက အုပ်ချုပ်ရေးမှူးရုံး ဖုန်း-၅၄၁၇၉၅၊ ၅၄၅၇၈၂၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၅၅၈၄၃၄၊ သီလရှင်ဆေးရုံ ဖုန်း-၅၄၂၇၀၆ နှင့် လူပုဂ္ဂိုလ်များပြင်ပလူနာဌာန တာဝန်ခံဆရာဝန်ကြီးရုံး ဖုန်း-၅၅၂၅၄၂ တို့သို့ ဩဂုတ် ၇ရက် ညနေ ၄နာရီနောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၇-၂၀၀၈ (ကြာသပတေးနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"မပြေးပါနဲ့ ရပ်နေပါ"တရားတော် (ဆရာတော် ဘဒ္ဒန္တဒေါက်တာစန္ဒာဝရာဘိဝံသ)
၈း၀၅ - ၂း၀၅	နိဗ္ဗာန်ဆီသို့ .... အမေးအဖြေများ
၈း၂၀ - ၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅ - ၂း၂၅	ပြည်တွင်းအနုပညာရေးရာ
၈း၅၀ - ၂း၅၀	အရောင်အသွေးစုံစွာ ဆိပ်ဖူးတောင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅ - ၃း၂၅	အံ့ဖွယ်ထူးခြား ကြည်ညိုဖူးမြော် မြလေးနွယ်မြတ်စေတီတော်
၉း၅၀ - ၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅	လူသားအားလုံးကျန်းမာရေး စဉ်ဆက်မပြတ်သွေးလှူပေး (ဒေါက်တာသီတာအောင်)
၁၀း၁၀ - ၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅ - ၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ - ၄း၂၀	ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
၁၀း၄၀ - ၄း၄၀	စားချင်စဖွယ်နည်းအသွယ်သွယ်
၁၀း၅၀ - ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	ဆုံဆည်းခွင့် (မင်းထက်ကျော်ဇင်၊ ဖိုးသောကြာ၊ အကယ်ဒမီ မြတ်ကေသီအောင်၊ ချစ်သုဝေ)
၁၁း၁၅ - ၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀ - ၅း၂၀	နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၁၁း၄၀ - ၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅ - ၅း၄၅	စိုက်ပျိုးသီးနှံအောင်မြင်ဖို့ရာ ... အာဟာရစုံဖြည့်စွက်ပါ
၁၂း၀၀ - ၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅ - ၆း၀၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ မဖြူနှင့်တွေ့ဆုံခြင်း)
၁၂း၂၅ - ၆း၂၅	လက်ရာဆန်းသစ် စစ်မှန်သေချာ လက်ဝတ်တန်ဆာ
၁၂း၃၅ - ၆း၃၅	တေးဂီအစီအစဉ်
၁၂း၄၀ - ၆း၄၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တောင်ငူနှင့် ပဲခူးခရိုင်အတွင်းရှိ အလုပ်အမှုဆောင်များအား တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဇူလိုင် ၂၇ ရက်တွင် တောင်ငူမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ တောင်ငူခရိုင်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပဲခူးမြို့သို့ ရောက်ရှိပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ပဲခူးခရိုင်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များအား တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးသည် ဇူလိုင် ၂၇ ရက်တွင် ပြွန်တန်ဆာမြို့ရှိ ကြိုတင်အားဖြည့် ကွန်ကရစ် ဇလီဖားတုံးစက်ရုံ (ပြွန်တန်ဆာ)သို့ရောက်ရှိစစ်ဆေးရာ လျာထားချက်များနှင့်အညီ ပြည့်မီစွာ ထုတ်လုပ်ရေးနှင့် ထုတ်လုပ်ပြီး ကွန်ကရစ်ဇလီဖားတုံးများကို လုပ်ငန်းခွင်များသို့ အချိန်မီ ပို့ဆောင်ရေးတို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံ စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တောင်ငူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ တောင်ငူခရိုင်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များအား အမှာစကား ပြောကြားစဉ်။

(ရထားပို့ဆောင်ရေး)

ပုသိမ်အသင်း (ရန်ကုန်)၏ (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၇ ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရောဝတီတိုင်းမွှာရုံ၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩဘာသာဘိဝံသနှင့် ဆရာတော်၊ သံဃာတော်များအား အသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်းနှင့် အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ITPEC ခေါင်းစဉ်ဖြင့် ဟောပြောမည်

ရန်ကုန် ဇူလိုင် ၃၀

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းကကြီးမှူး၍ ဩဂုတ် ၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိမြန်မာအင်ဖိုတက်ခ်အဆောက်အအုံ အခန်း ၂၀၅ ၌ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း တွဲဖက်အတွင်းရေးမှူး ဦးရဲရင့်ဝင်းက ဂျပန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ခုနစ်နိုင်ငံတို့မှ အသိအမှတ်ပြုမည့် IT ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းစစ်စာမေးပွဲ ITPEC ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။

ထို့အပြင် ITPEC Examတွင် မေးမြန်းမည့် Course Syllabus ရရှိနိုင်မည့် အကျိုးကျေးဇူး၊ အလုပ်အကိုင် အခွင့်အလမ်းများကို လည်း ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားမည်ဖြစ်သည်။

ယင်းဟောပြောပွဲသို့ မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းဝင်များ၊ ကွန်ပျူတာပညာလေ့လာနေသူများနှင့် စိတ်ပါဝင်စားသူများတက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ရုံးခန်း အဆောင်(၄)၊ အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ

လေဘေးသင့်ဒေသများအတွက် သခွားမျိုးစေ့များ လှူဒါန်းမှု လက်ခံ

ရန်ကုန် ဇူလိုင် ၃၀

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများသည် ဇူလိုင်၂၉ ရက် နံနက် ၉ နာရီတွင်ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ မေခလာခန်းမ၌ အလှူရှင် Metro Seed Agricultural Co., Ltd နှင့် BIGM Group Services Co., Ltd. တို့က လေဘေးသင့်ဒေသများ၌ စိုက်ပျိုးရန် ငွေကျပ်သိန်း၂၂၀ တန်ဖိုးရှိ သခွားမျိုးစေ့ ကီလို ၁၁၀ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ ဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Myanmar Pharmaceutical Index 2008

မိတ်ဆက်ပွဲနှင့် ဖြန့်ဖြူးရောင်းချပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

မြန်မာနိုင်ငံ ဆရာဝန်အသင်း (MMA)၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း(MPMEEA)တို့ပူးပေါင်းစီစဉ်ထုတ်ဝေသည့် Myanmar Pharmaceutical Index 2008 (First Edition) မိတ်ဆက်ပွဲနှင့် ဖြန့်ဖြူးရောင်းချပွဲကို ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌပါမောက္ခ ဦးကျော်မြင့်နိုင် **(အောက်ယာပုံ)**နှင့် မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး Myanmar Pharmaceutical Index 2008 (First Edition) ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌပါမောက္ခ ဒေါက်တာ ဦးမျိုးမြင့်က စာအုပ်နှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။

Myanmar Pharmaceutical Index 2008 (First Edition) သည် အသင်းနှစ်သင်း အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပထမဆုံးအကြိမ်ထုတ်ဝေသည့် စာအုပ်ဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ဆက်လက်ထုတ်ဝေရန် ရည်ရွယ်ချက်ရှိကြောင်း၊ အဓိကရည်ရွယ်ချက်မှာ ဆေးဝါးကုသမှုကို ဆောင်ရွက်နေကြသော ဆရာဝန်များအတွက် ဆေးဝါးနှင့် ပတ်သက်၍ အသေးစိတ်အကြောင်းများကိုလွယ်လင့်တကူ ရှာဖွေနိုင်ရန်နှင့် ဈေးကွက်အတွင်း တရားဝင်မှတ်ပုံတင်ရောင်းချခွင့်ပြုထားသော ဆေးဝါးအမည်များကို သိရှိနိုင်ရန် ဖော်ပြထားသည်။ ခန္ဓာကိုယ် ဖွဲ့စည်းပုံစနစ် ၁၇ ခု အလိုက် ရောဂါကုသမှုပိုင်းဆိုင်ရာ အကြောင်းအရာများပါဝင်မှု၊ ကုသမှုပိုင်းနှင့်စပ်လျဉ်း၍အသုံးပြုရန် လိုအပ်သည့် ဆေးဝါးများ၏ ဓာတုဗေဒဆိုင်ရာ အမည်များ၊ ဆေးဝါးအမည်၊ ထုတ်လုပ်သော ကုမ္ပဏီအမည်၊ အသုံးပြုနိုင်သည့် ရောဂါအခြေအနေများ၊ ဆေးဝါးအချိန်အဆများ၊ ဘေးထွက်ဆိုးကျိုး ကြိုတင်သတိပြုရန်အချက်များနှင့် ဆေးဝါးအချင်းချင်း တုံ့ပြန်မှုအကြောင်းအရာများ ပါဝင်ကာ ဆေးကုမ္ပဏီ ၆၀၊ ဆေးဝါးအမျိုးအစား အရေအတွက် ၁၆၀၀ ခန့်ကို စုစည်း ဖော်ပြထားကြောင်း၊ ဆေးကုမ္ပဏီများအနေဖြင့် အသိပေးလိုသော ဆေးအမည်များကို ထည့်သွင်းကြော်ငြာနိုင်ကြောင်းသိရှိရသည်။

ဖြန့်ဖြူးရောင်းချရာတွင် တစ်အုပ်ရောင်းဈေးမှာငွေကျပ် ၄၀၀၀ ဖြစ်ပြီး စာအုပ် အုပ်ရေ ၁၀၀ ယူလျှင် ၁၅ ရာခိုင်နှုန်းနှင့် စာအုပ် အုပ်ရေ ၅၀မှ ၁၀၀ ယူလျှင် ၁၀ရာခိုင်နှုန်း ဈေးနှုန်းလျှော့မည်ဖြစ်သည်။

ဝယ်ယူရရှိနိုင်သော နေရာများမှာ မြန်မာနိုင်ငံဆရာဝန်အသင်း၊ စရဏကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၊ ဆေးတက္ကသိုလ်များ၊ အင်းဝစာအုပ်တိုက်၊ ဝါးတန်း(Medical Book Store)၊ City Mart (Super Market) များနှင့် သက်ဝေစိုးစာအုပ်ဆိုင် (မန္တလေး)တို့၌ ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ အလှူရှင် Metro Seed Agricultural Co., Ltd နှင့် BIGM Group Services Co., Ltd. တို့က လေဘေးသင့် ဒေသများ၌ စိုက်ပျိုးရန် ငွေကျပ် သိန်း၂၂၀ တန်ဖိုးရှိ သခွားမျိုးစေ့ ကီလို ၁၁၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မော်လမြိုင် ဘုရားနှစ်ဆူ မိုးကုတ်ရိပ်သာ ဝါတွင်းတရားပွဲ

ရန်ကုန် ဇူလိုင် ၃၀

မော်လမြိုင်မြို့ မြေနီကုန်းရပ် ဘုရားနှစ်ဆူကျောင်းတိုက် မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ၌ ဘုရားနှစ်ဆူ မိုးကုတ်ရိပ်သာ၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တရေဝတ (သာသနာပြုနယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ) အရှင်သူမြတ်သည် (၁၃၇၀ ပြည့်နှစ်ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်) ဥပုသ်နေ့အထိ ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း မွန်းလွဲ ၁နာရီ မှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရှိရသည်။ (ကြေးမုံ)

ပြည်သူတို့၏ ဒီမိုကရေစီပန်းတိုင်ကို အလှမ်းဝေးအောင် မလုပ်သင့်ပါ

ဒီမိုကရေစီစနစ်တွင် ပြည်သူသည် အရှင်သခင်ဖြစ်သည်။ ပြည်သူ၏ ဆန္ဒသည် အခရာကျသည်။ ပြည်သူ၏ အဆုံးအဖြတ်သည်သာလျှင် အတည်ဖြစ်သည်။ အများစုဖြစ်သော ပြည်သူ၏ အဆုံးအဖြတ်ကို လက်ခံသဘောတူ လိုက်နာလုပ်ဆောင်ရခြင်းသည် ဒီမိုကရေစီစနစ်၏ အင်မတန်အခြေခံကျလှသော၊ အင်မတန်ရိုးရှင်းလှသော၊ လူတိုင်းသိနားလည်သော ကျင့်စဉ်ပင်ဖြစ်သည်။

သို့သော် ယနေ့အချိန်တွင် NLD ဦးဆောင်သည့် ဆန့်ကျင်ဘက်အဖွဲ့များသည် ပါးစပ်က ဒီမိုကရေစီစကားကို အမြှုပ်ထွက်အောင် ဆီမန်းမန်းသလို တတွတ်တွတ်ရွတ်နေကြသော်လည်း အများပြည်သူ၏ ဆန္ဒနှင့် အဆုံးအဖြတ်ကိုမူ လိုက်နာလက်ခံရန် အတင်းအဓမ္မငြင်းဆို ရှောင်လွှဲနေကြသည်ကို စိတ်ပျက်ဖွယ်ကောင်းလောက်အောင် တွေ့မြင်နေရပေသည်။ ဒီမိုကရေစီကို ကိုးကွယ်ရာတစ်ခုပမာ အလေးထားလှပါသည် ဆိုသော ဆန့်ကျင်ဘက်နိုင်ငံရေးသမားများက အင်မတန်အခြေခံကျလှသည့် ဒီမိုကရေစီကျင့်စဉ်ကလေးကိုပင် လက်ခံလိုက်နာနိုင်ခြင်းမရှိသည်မှာ ရှက်တတ်မည်ဆိုပါက ပြည်သူ့ရှေ့သို့ မျက်နှာပြရဲတော့မည်ပင် မဟုတ်ပေ။

အားလုံးသိပြီးဖြစ်သည့်အတိုင်း တပ်မတော်အစိုးရသည် နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ တာဝန်ယူခဲ့ရသည့် အချိန်မှစ၍ နိုင်ငံတော်သစ် ထူထောင်ရန်အတွက် အခြေခံလိုအပ်ချက်များ ဖြစ်သည့် (၁)နိုင်ငံတော်တည်ငြိမ်ရေး၊ (၂)နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး၊ (၃)အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းစဉ်များကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ အခြားတစ်ဖက်ကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများနှင့်အတူ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တိုင်းသိပြည်သိ ကမ္ဘာသိ ချမှတ်ကာ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်(၄)အောင်မြင်ပြီးမြောက်၍ အဆင့်(၅)ဆီသို့ အရှိန်အဟုန်ကောင်းကောင်းနှင့် ချီတက်နေပြီဖြစ်သည်။

မူဝါဒလမ်းစဉ်(၇)ရပ်ကို အစိုးရက လျှို့ဝှက်စွာ ကြံစည်ချမှတ်ပြီး သိုသိုသိပ်သိပ် လူမသိ သူမသိ အကောင်အထည်ဖော်နေခြင်းမဟုတ်။ စတင်ချမှတ်စဉ်ကပင် တိုင်းသိ ပြည်သိ ကမ္ဘာသိ တရားဝင်ကြေညာ၍ ဖော်ဆောင်ခဲ့ခြင်းသာဖြစ်သည်။ ၎င်းကို ပြည်သူအားလုံးက လက်ခံယုံကြည်ကြသည့်နည်းတူ ကမ္ဘာ့ကုလသမဂ္ဂ၊ ကမ္ဘာ့နိုင်ငံများနှင့် အာဆီယံနိုင်ငံများအားလုံးက မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေး အတွက် အမှန်ကန်ဆုံးလမ်းကြောင်းအဖြစ် အသိအမှတ်ပြု လက်ခံခဲ့ကြပြီးလည်းဖြစ်သည်။ မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်(၁)ဖြစ်သည့် အမျိုးသားညီလာခံကြီးကိုလည်း တိုင်းသိ ပြည်သိ ကမ္ဘာသိပင် ကျင်းပပြီးစီးအောင်မြင်ခဲ့ပြီးဖြစ်သည်။ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသည့် တိုင်းရင်းသား ကိုယ်စားလှယ်အများစု အပါအဝင် အစုအဖွဲ့(၈)ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော်တက်ရောက်လျက် အကျယ်ပြန့်ဆုံး ညှိနှိုင်းဆွေးနွေး တိုင်ပင်နှီးနှောခွင့်ရခဲ့ကြသည်။ အခြေခံဥပဒေရေးဆွဲရန် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို တညီတညွတ်တည်း ဆုံးဖြတ်ချမှတ်နိုင်ခဲ့ကြသည်။ ၎င်းအခြေခံမူများကို အခြေခံလျက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တိုင်းရင်းသားဥပဒေပညာရှင်များအပါအဝင် နိုင်ငံသားပညာရှင်များက ရေးဆွဲပြုစုပြီးမြောက်ခဲ့ကြသည်။

အသစ်ရေးဆွဲပြီးဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကို ၂၀၀၈ခုနှစ် မေလ ၁၀ရက်နေ့နှင့် ၂၄ရက်နေ့များတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ နိုင်ငံတော်တစ်ဝန်းလုံးက ဆန္ဒမဲပေးခွင့်ရှိသူ(၂၇၂၈၈၈၂၇)ဦးအနက် ၉၈ဒသမ၁၂ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ကြပြီး ယင်းသို့ဆန္ဒမဲပေးသူများအနက် ၉၂ဒသမ၄၈ရာခိုင်နှုန်းက ထောက်ခံခဲ့ကြသည်။ ထို့ကြောင့် ၂၀၀၈ခုနှစ် မေလ ၂၉ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးက အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း ကြေညာနိုင်ခဲ့သည်။

ယခုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရာနှုန်းပြည့်နီးပါးဖြစ်သည့် ဆန္ဒမဲပေးသူအားလုံး၏ ၉၂ဒသမ၄၈ရာခိုင်နှုန်းက ထောက်ခံအတည်ပြုပေးလိုက်ခြင်းအပေါ် NLDဦးဆောင်သည့် ပြည်တွင်း ပြည်ပဆန့်ကျင်ဘက်အင်အားစုများက အမျိုးမျိုးဝေဖန်ဆန့်ကျင်ခဲ့ကြသည်။ ဆန္ဒခံယူပွဲသည် လွတ်လပ်ပြီး တရားမျှတမှုမရှိကြောင်း၊ လူထုအပေါ် အကျပ်ကိုင်ပြီး မလျော်ကြဉ်ဇာသုံးမှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် ဤအခြေခံဥပဒေသည် တရားမဝင်ကြောင်း၊ ကန့်ကွက်ကြောင်းစသဖြင့် အမျိုးမျိုးဆန့်ကျင်နှောင့်ယှက်ခဲ့ကြသည်။ ၎င်းတို့အနေဖြင့် တည်ဆဲအစိုးရကို ဦးတည်၍ ဆန့်ကျင်ကန့်ကွက်ကြခြင်းဖြစ်သော်လည်း ဤဖြစ်စဉ် ဖြစ်ရပ်ကြီး၏ အဓိကအဆုံးအဖြတ်ပေးသူမှာ ပြည်သူသာဖြစ်သည့်အတွက် ပြည်သူ၏အဆုံးအဖြတ်ကို ထိပါးစော်ကားရာရောက်သကဲ့သို့ ပြည်သူ့ဆန္ဒကိုဆန့်ကျင်ရာရောက်သည်ဟုလည်းဆိုနိုင်ပါသည်။

ယခုလည်း CRPPမှ ဦးပုကျင့်ရှင်းထန်၊ ဦးသိန်းဖေ၊ ဒေါက်တာမြင့်နိုင်၊ ဦးညီပု၊ ဒေါက်တာတင်မင်းထွန်းဆိုသူ ငါးဦးက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် လုံခြုံရေး ကောင်စီသို့ လိပ်မူလျက် အိတ်ဖွင့်ပေးစာတစ်စောင်ကို ဇူလိုင်လ ၂၁ရက်နေ့ ရက်စွဲဖြင့် အဆင်ခြင်မဲ့စွာ ပေးပို့ခဲ့သည်ကို တွေ့ရှိရပြန်သည်။၎င်းအိတ်ဖွင့်ပေးစာတွင် ထုံးစံအတိုင်း မူဝါဒလမ်းစဉ်(၇)ရပ်သည် မဆီလျော်၊ အရာမရောက်ကြောင်းနှင့် အခြေခံဥပဒေသည် တရားမဝင်ကြောင်း၊ NLD အပါအဝင် ဆန့်ကျင်ဘက်များနှင့် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ဆွေးနွေးရန် တောင်းဆိုကြောင်းများသာဖြစ်သည်။ မသူတော်ချင်း ရိုင်းပင်းသည့်အနေဖြင့် ခွန်မြင့်ထွန်းဆိုသူဦးစီးသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအဖွဲ့အမည်ခံ ပြည်ပအားကိုးပုဆိန်ရိုး ပြည်ပြေးအုပ်စုကလည်း ထောက်ခံကြောင်းကြေညာချက်ကို စည်းဝါးကိုက်ထားသည့်အလားအပြေးအလွှားထုတ်ပြန်ခဲ့ကြသည်။ သို့သော် အခြေအမြစ်မဲ့စွပ်စွဲပုတ်ခတ်မှုများဖြင့် အပ်ကြောင်းထပ်နေသည့် သူတို့၏ မဲပြာပုဆိုး ကြေညာချက်များကို ယနေ့ပြည်သူက လုံးဝလက်မခံတော့သည်ကို ထည့်တွက်မိပုံမရချေ။ သူတို့၏ အမေကျော်ဒွေးဘော်လွှမ်းသည့် လုပ်ရပ်များ၊ သူခိုးဓားရိုးကမ်းသည့် အကျင့်စရိုက်များကို မြန်မာပြည်သူများက အသားထဲက လောက်ပမာ ရွံရှာစက်ဆုပ်နေကြပြီဖြစ်သည်။

ယနေ့ပြည်သူသည် ၁၉၈၈ခုနှစ်က ပြည်သူမဟုတ်တော့ပေ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အမြင်အသိဗဟုသုတ မြင့်မားပြီး အကြောင်းအကျိုး အကောင်းအဆိုးကို ကောင်းကောင်းခွဲခြားနားလည်နိုင်သည့်၊ အတွေးအခေါ်မြင့်မားရင့်ကျက်သည့် အရည်အသွေးမြင့်ပြည်သူများဖြစ်နေကြပြီဖြစ်သည်။ ယခင်ကကဲ့သို့ နိုင်ငံရေးသမားများ၏ မစားရဝခမန်းပြောသမျှဟောသမျှကို လက်ခံယုံကြည်ပြီး ပုဂ္ဂိုလ်ရေးပေါ် လွှင်ထင်ရှားမှုကို ဘုမသိဘမသိ လက်ညှိုးထောင် ခေါင်းညိတ်ထောက်ခံခဲ့ကြသူများ မဟုတ်တော့ပေ။ ကောင်းသည်ကိုလုပ်လျှင် ကောင်းမှန်းသိပြီး ထောက်ခံအားပေးမည်ဖြစ်သကဲ့သို့ မကောင်းသည်ကိုလုပ်လျှင် မကောင်းမှန်းသိပြီး ငြင်းပယ်ဆန့်ကျင်မည်သာဖြစ်သည်။

ယနေ့ မြန်မာပြည်သူများအနေနှင့် တပ်မတော်အစိုးရသည် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်သည့်အချိန်မှစပြီး နိုင်ငံနှင့် ပြည်သူ၏ ရေရှည်အကျိုးစီးပွားကို မျှော်မှန်းလျက် စွမ်းစွမ်းတမံကြိုးပမ်း လုပ်ဆောင်ပေးနေသည်ကို သိနားလည်၊ လက်ခံ၊ ယုံကြည်အားကိုး သည့်အတွက် တည်ဆဲအစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်များကို အပြည့်အဝ အားပေးထောက်ခံခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အခြေခံဥပဒေသစ်ကို တစ်ခဲနက်ထောက်ခံ အတည်ပြုပေးလိုက်ခြင်းသည် အစိုးရ၏ နိုင်ငံနှင့်ပြည်သူအပေါ် ထားရှိသည့် မေတ္တာစေတနာကို ပြည်သူက ရောင်ပြန်ထင်ဟပ်ပြသလိုက်ခြင်းသာဖြစ်သည်။

နောက်တစ်ချက်အနေနှင့် ပြည်သူအားလုံးက ဒီမိုကရေစီကိုလိုလားတောင့်တလျက်ရှိသည့်အတွက် တည်ဆဲအစိုးရက ပျက်သုဉ်း သွားသည့် တစ်ပါတီစနစ်နေရာတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရန် ဦးတည်ကြိုးပမ်း ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ရန်အတွက် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မဖြစ်မနေလိုအပ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေမရှိဘဲ ဒီမိုကရေစီဖော်ဆောင်၍ မရနိုင်ကြောင်း ပြည်သူက သိမြင်နားလည်ကြသည်။ ၎င်းအပြင် ယခုဖွဲ့စည်းပုံ အခြေခံဥပဒေသစ်သည် မြန်မာနိုင်ငံ မြန်မာပြည်သူများအတွက် ယနေ့အချိန်တွင် အကောင်းဆုံးနှင့် အသင့်မြတ်ဆုံးဖြစ်ကြောင်းကို ပြည်သူအားလုံးက ယုံကြည်လက်ခံထားပြီးလည်းဖြစ်သည်။ အစိုးရအနေနှင့် ၎င်းဥပဒေကိုအခြေခံပြီး နိုင်ငံတော်ကို ဒီမိုကရေစီပြည်သူ့ အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲနိုင်ရေးအတွက် မမှိတ်မသုန်ကြိုးပမ်း ဆောင်ရွက်နေကြောင်းကိုလည်း သိမြင်နားလည်ကြသည်။ ထို့ကြောင့် ပြည်သူက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို တစ်ခဲနက် ထောက်ခံအတည်ပြု ပေးခဲ့ခြင်းဖြစ်သည်။

ကျင်းပခဲ့သည့် ဆန္ဒခံယူပွဲများတွင် နိုင်ငံတကာစံနှုန်းနှင့်အညီဖြစ်သော ဆန္ဒခံယူပွဲကျင်းပရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တစ်ပြေးညီဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် ပြည်သူအားလုံးသည် စိတ်အေးချမ်းသာစွာ လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးခွင့်ရခဲ့သည့်အပြင် မည်သည့်နေရာဒေသတွင်မျှ မတရားသဖြင့် ဖိနှိပ်မှုများ၊ မလျော်ကြဉ်ဇာသုံးမှုများ မရှိခဲ့ကြောင်း ပြည်သူအားလုံး၏ ကိုယ်တွေ့ပင်ဖြစ်သည်။ NLD နှင့် ဆန့်ကျင်ဘက်များအနေဖြင့် ဆန္ဒခံယူပွဲမတိုင်မီက Vote-No,No-Vote ကြွေးကြော်သံများဖြင့် ဆန္ဒခံယူပွဲတွင် ကန့်ကွက်မဲပေးကြရန် ပြည်သူကို စည်းရုံးလှုံ့ဆော်ခဲ့ကြသော်လည်း ပြည်သူအများစုက လွတ်လွတ်လပ်လပ် မိမိဆန္ဒအလျောက် ထောက်ခံမဲကိုသာပေးခဲ့ကြသည်။ဆန့်ကျင်ဘက်အုပ်စုများအနေဖြင့်လည်း လွတ်လွတ်လပ်လပ် ကန့်ကွက်မဲပေးခွင့်ရခဲ့ကြသည်။ သို့သော် ပြည်သူ၏ အဆုံးအဖြတ် ထွက်ပေါ်လာချိန်တွင် ဆန့်ကျင်ဘက်တို့၏ သွေးထိုးလှုံ့ဆော် စည်းရုံးမှုများကို ပြည်သူက လက်မခံကြောင်း ထင်ရှားစွာအဖြေပေါ်သွားခဲ့သည်။ သူတို့ပြောသကဲ့သို့ အစိုးရဘက်က မသမာမှုများ၊ မလျော်ကြဉ်ဇာသုံးမှုများ လုပ်ခဲ့မည်ဆိုလျှင်ပင် ယခုကဲ့သို့ (၉၂ဒသမ၄၈)ရာခိုင်နှုန်းဟူသည့် ရာနှုန်းပြည့်နီးပါးထောက်ခံမဲရနိုင်ရန် အကြောင်းမရှိပေ။ ပြည်သူက တကယ်ယုံကြည်၍၊ တကယ်လက်ခံ၍သာ ဤရလဒ်မျိုး ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးနောက်တွင် အစိုးရကို ဆန့်ကျင်သူများရော၊ ထောက်ခံသူများပါ ဥပဒေနှင့်အညီ ပါတီထူထောင်ခွင့်၊ စည်းရုံးခွင့်၊ မဲဆွယ်ခွင့်၊ အရွေးချယ်ခံပိုင်ခွင့်များ ရကြမည်ဖြစ်သည်။ ဤသည်မှာ ပြည်သူ့ဆန္ဒနှင့်အညီ ဒီမိုကရေစီ ဖော်ဆောင်နိုင်ရေးအတွက် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

လူသစ်

ပြည်တွင်း ပြည်ပ ဆန့်ကျင်ဘက်အုပ်စုများ၏ မူဝါဒလမ်းစဉ်(၇)ရပ် ဆန့်ကျင်ရေး၊ အခြေခံဥပဒေဆန့်ကျင်ရေး၊ ပြည်ပအားကိုးရေးဆောင်ရွက်ချက်မှန်သမျှသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ ဒီမိုကရေစီအရေး ကြိုးပမ်းဖော်ဆောင်မှုများကို နှောင့်နှေးအောင်၊ ပျက်ပြားအောင် ဖျက်လိုဖျက်ဆီးလုပ်ရပ်များပင်ဖြစ်၏။ ဤအဖျက်လုပ်ရပ်များဖြင့် ဒီမိုကရေစီကိုတည်ဆောက်၍ ရနိုင်မည်မဟုတ်ဘဲ ပြည်သူတို့၏ ဒီမိုကရေစီပန်းတိုင်ကို ပို၍ပို၍သာ အလှမ်းဝေးစေမည်ဖြစ်၏။

✻ ကျောဖုံးမှ

ဒေသဝမ်းစာဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အထောက်အကူပြုစေရန် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားခေါ်ရလောက်အောင် ဆီဖူလုံမှုရာခိုင်နှုန်း ၄၂၉ရာခိုင်နှုန်းအထိ တိုးတက်အောင် ဆောင်ရွက်ခဲ့သည့်အပြင် တစ်တိုင်းလုံးရှိ လူဦးရေ ၅ဒသမ၂၉သန်းအတွက် ယခုနှစ်ဒေသဝမ်းစာဖူလုံရေးကို၁၀၁ဒသမ ၄၆ရာခိုင်နှုန်း လျာထားပြီး မိုးစပါး၉၃၂၀၉၆ဧကနှင့် နွေစပါးဧက၁၆၀၀၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ မကွေးတိုင်းအတွင်း မူလက ဆည်/ကန် ၃၈ခု၊ ဆည်ရေသောက်ဧရိယာဧက ၂၆၀၁၁၀ ရှိခဲ့ရာမှ ယခုဖွင့်လှစ်သည့် မင်းကန်ရေလှောင်တမံအပါအဝင် ရေလှောင်တမံ၃၉ခုအထိ တည်ဆောက်နိုင်ခဲ့ပြီး ဆည်ရေသောက်ဧရိယာဧက ၂၆၀၃၁၀အထိ တိုးတက်လာပြီဖြစ်ကြောင်း၊ ပခုက္ကူခရိုင်အတွင်း ဒေသဆန်ဖူလုံရေး၊ စိမ်းလန်းစိုပြည်ရေးတို့အတွက် ဆည်/ကန်/တမံငယ် ၇၁ခု စီမံချက်ချဆောင်ရွက်ခဲ့သည့်အနက် ဆည်ငယ်၊တမံငယ်၂၄ခုကို ဆောင်ရွက်နိုင်ခဲ့၍ စပါးစိုက်ဧက ၁၀၃၆ ဧကတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ကျန်ရှိသော ဆည်ငယ် တမံငယ်၄၇ခု၊ အကျိုးပြုဧက ၇၅၉၂ဧကအတွက် ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ရာ ယခုမင်းကန်ရေလှောင်တမံအပါအဝင် ဆည်တမံ၃၁ခု တည်ဆောက်ပြီးဖြစ်၍ စိုက်ပျိုးဧရိယာ ၄၆၉၇ဧကတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပခုက္ကူခရိုင် ဒေသဝမ်းစာဖူလုံရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတို့အတွက် တည်ဆောက်ခဲ့သည့် ဆည်၊ကန်၊ ရေလှောင်တမံများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြစေလိုကြောင်းဖြင့်မှာကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သည့် မင်းကန်ရေလှောင်တမံသည် နိုင်ငံတော်အစိုးရမှ မကွေးတိုင်းအတွင်း တည်ဆောက်ပေးခဲ့သည့် ၃၉ခုမြောက်ဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ ၂၁၃ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ကြောင်း၊ မြိုင်မြို့နယ် မြို့တင်ကျေးရွာအုပ်စုမှာ ယခင်က ပထမသီးနှံအဖြစ် မိုးစပါး၊ မိုးမြေပဲ၊ မိုးနှမ်းနှင့် ပဲတီစိမ်းတို့ ဧက၂၀၀စိုက်ပျိုးပြီး ဒုတိယသီးနှံအဖြစ် ဆောင်းပဲတီစိမ်းကို ၂၂ဧကစိုက်ပျိုးကြသည့်အတွက် စုစုပေါင်း သီးနှံစိုက်ဧက ဧရိယာ ၂၂၂ဧကခန့်ရှိပြီး ယခုမင်းကန်ရေလှောင်တမံ တည်ဆောက်ပြီးသည့်အချိန်တွင် ပထမသီးနှံဧက ၂၀၀၊ ဒုတိယသီးနှံကို ၈၅ဧက တိုးတက်စိုက်ပျိုးနိုင်မှာဖြစ်သည့်အတွက် စုစုပေါင်း သီးနှံစိုက်ဧရိယာ ၂၈၅ဧကခန့်ဖြစ်လာကြောင်း၊ ရေလှောင်တမံ ရေရှည်တည်တံ့ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြစေလိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် မြိုင်မြို့နယ် ဒေသခံပြည်သူများကိုယ်စား ဒေသခံ ဦးမျိုးမြင့်က မင်းကန်ရေလှောင်တမံ တည်ဆောက်ပေးခြင်းအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက မင်းကန်ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးဦးအုန်းမြင့်နှင့် အတူ ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာများပက်ဖျန်းပေးသည်။

ထို့နောက် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့သည် မင်းကန်ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် အမှတ်တရ ဓာတ်ပုံရိုက်၍ ရေလှောင်တမံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယခုဖွင့်လှစ်သော မင်းကန်ရေလှောင်တမံသည် နိုင်ငံတော်၏ ၂၁၃ခုမြောက်နှင့် မကွေးတိုင်းအတွင်း ၃၉ခုမြောက် ရေလှောင်တမံဖြစ်ပြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် မင်းကန်ကျေးရွာအနီး ပိတောက်ပင်ချောင်းကိုပိတ်၍ တည်ဆောက်ထားကာ မြေသားတမံအမျိုးအစားပေ၄၀၊ တမံအလျားပေ ၂၁၀၀၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ၃၉၀ရှိပြီး ဒေသစိမ်းလန်းစိုပြည်ရေးအတွက် များစွာအထောက်အကူပြုစေမည့်အပြင် စပါးနှင့် အခြားသီးနှံ ဧက ၂၀၀အတွက် စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကာ နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၂၅၄ဒသမ ၄၀ အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

World Vision (Myanmar) မှ Advisor Mr. Kieran Scott က လေဘေးသင့်ပြည်သူများ အသုံးပြုရန် အမေရိကန်ဒေါ်လာ ၁၂၃၉၀၀ တန်ဖိုးရှိ ဘက်ထရီသုံး ရေသန့်စင် စက်အလုံး ၇၀ ကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းကျောဖုံး) (ကျန်းမာရေး)

☆စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ရှေ့တစ်ဆင့် လမ်းပွင့်သွားခြင်းဖြစ်သည်။ ဥပဒေနှင့်အညီ ပါတီများ ထူထောင်မဲဆွယ်စည်းရုံးကြပြီး ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး၌ တရားသဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ရွေးကောက်ပွဲ၌ ပြည်သူ့ဆန္ဒအရ အရွေးချယ်ခံရပြီဆိုလျှင် လွှတ်တော်ကိုယ်စားလှယ်များဖြစ်လာကြပြီး လွှတ်တော်အတွင်း နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စရပ်များအတွက် ကိုယ်တိုင်ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ခွင့်များ ရလာကြမည်ဖြစ်သည်။

အခြေခံဥပဒေနှင့်အညီ ဖော်ဆောင်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ဒီမိုကရေစီပန်းတိုင်ကိုအရောက်လှမ်းကြခြင်းသည်သာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေး၊ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အပြည့်အဝအာမခံချက်ပေးနိုင်သည့် အန္တရာယ်အကင်းဆုံးနှင့် အသင့်မြတ်ဆုံးလမ်းကြောင်းဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အုပ်စုများအနေနှင့် ဒီမိုကရေစီဖော်ဆောင်ရေးလမ်းကြောင်းကို မတိမ်းစောင်းစေဘဲ ပန်းတိုင်ကို အမြန်ဆုံးလှမ်းကိုင်နိုင်ရေးအတွက် အသိမှန်၊အမြင်မှန်ရပြီးတစ်ခုတည်းသော အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် ပေါင်းစည်းညီညွတ်စွာနှင့် အနာဂတ်ဒီမိုကရေစီရေးလုပ်ငန်းစဉ်များကို ညီညီညွတ်ညွတ် ဦးပဲ့ရွက်ထမ်းလျှောက်လှမ်းကြမည်ဆိုလျှင်ပြည်သူအားလုံးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုထောက်ခံအားပေးကြမည်သာဖြစ်သည်။

အမှန်စင်စစ် မိမိနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီအောင် မိမိနိုင်ငံသားကိုယ်စားလှယ်များ၊ ပညာရှင်များက တညီတညွတ်တည်း ညှိနှိုင်းရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို မိမိပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမဲဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ခြင်းမှာ အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စ၊ အမျိုးသားရေးကိစ္စ သက်သက်သာဖြစ်သည်။ ယင်းကို မည်သည့်နိုင်ငံအစိုးရအဖွဲ့အစည်းကဖြစ်စေ၊ နိုင်ငံတကာအဖွဲ့အစည်းကဖြစ်စေ စွက်ဖက်ပိုင်ခွင့်မရှိပေ။ ကုလသမဂ္ဂပဋိညာဉ် စာတမ်းပါ အဖွဲ့ဝင်တိုင်း လိုက်နာရမည့် ကျင့်ဝတ်ကို မည်သည့်နိုင်ငံ အဖွဲ့အစည်းကမျှ ဖောက်ဖျက်မည်လည်း မဟုတ်ပေ။ သို့သော် အသိခေါက်ခက် အဝင်နက်ပြီး တစ်ထွာတစ်မိုက်ဉာဏ်နှင့် ဤသို့ မရောင်ရာဆီလူးခြင်းမှာ ဆန့်ကျင်ဘက်နိုင်ငံရေးသမားဆိုသူတို့၏ နိုင်ငံရေးအဆင့်ကို ဖော်ပြလိုက်ခြင်းသာ ဖြစ်ပေသည်။

ပြည်သူက သူတို့၏ဆန္ဒအလျောက် သူတို့၏အနာဂတ်လမ်း၊ သူတို့၏အနာဂတ်ပန်းတိုင်ကို ထင်ထင်ရှားရှား ရွေးချယ်ပြဋ္ဌာန်းပေးလိုက်ခြင်းဖြစ်ရာ ပြည်သူ့ဆန္ဒကို အလေးထားသူတိုင်း ပြည်သူ၏ ဆုံးဖြတ်ချက်ကို နာခံသင့်လှပေသည်။ (၉၂ဒသမ၄၈)ရာခိုင်နှုန်းသော ပြည်သူကထောက်ခံအတည်ပြုခဲ့ပါလျက်နှင့် ဤအခြေခံဥပဒေကို ကန့်ကွက်ကြောင်း၊ တရားမဝင်ကြောင်း၊ အသိအမှတ်မပြုရန် အကြောင်းများဖြင့် သခွပ်ပင်ကမီးတကျည်ကျည်လုပ်နေမည်ဆိုပါက ပြည်သူ၏ တုံ့ပြန်ဒဏ်ခတ်ခြင်းကို မလွဲမသွေ ရင်ဆိုင်ရမည်သာဖြစ်သည်။

ယခု CRPP က ထီးရိပ်ခိုနေသည့် NLD ပါတီသည် သက်တမ်းတစ်လျှောက်လုံး ပြည်တွင်းအားကိုဆန့်ကျင်လျက် ပြည်ပအားကိုသာ အထင်ကြီး အားကိုးမျှော်လင့်နေခဲ့သည့် အနောက်မျှော်အုပ်စုသာဖြစ်သည်။ ထိပ်တိုက်ရင်ဆိုင်ရေး၊ အာဏာဖီဆန်ရေး၊ အလုံးစုံ ပျက်သုဉ်းရေး၊ ပိတ်လေးပိတ်ဖြင့်ပိတ်ဆို့ရေး စသည့် နိုင်ငံနှင့် ပြည်သူ၏အကျိုးစီးပွား ပျက်ရာပျက်ကြောင်းများကိုသာ တစိုက်မတ်မတ် ကြိုးစားပမ်းစားဆောင်ရွက်ခဲ့ကြသည်။ ၎င်းလုပ်ရပ်များကို စွန့်လွှတ်မည်ဆိုပါက နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဒေါ်စုကြည်နှင့်တွေ့ဆုံပါမည်ဟု ကမ်းလှမ်းခဲ့သည်ကိုလည်း အပြုသဘော တုံ့ပြန်မှုမရှိခဲ့သည့်အပြင် ဆင်သေကို ဆိတ်ရေနှင့် ဖုံးသကဲ့သို့ မခိုင်လုံသည့် ငြင်းဆိုချက်များဖြင့် တွင်တွင်ကြီးသာ ‘ဘူး’ခံခဲ့သည်။ ၎င်းတို့တောင်းဆိုနေသော တွေ့ဆုံဆွေးနွေးရေးဖြစ်မလာနိုင်သည့်ကိစ္စ၏ အဓိကတာဝန်ရှိသူ မည်သူဖြစ်သည်မှာ ရှေ့ကဖုံး နောက်ကပေါ်နေသည့် ငြင်းဆိုချက်များက အဖြေပေးခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးဝါဒကို ကျင့်သုံးလျက်ရှိသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုပြီး နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းလျက်ရှိသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့မိသားစုဝင် နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိသည့်အပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်နှင့်လည်း အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂမှဦးဆောင်သော နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာထွန်းကားရေး၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည်ဖြင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ၌လည်း တာဝန်ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ **လက်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအခြေအနေတို့မှာလည်း နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၏ တည်ငြိမ်အေးချမ်းမှုကို လုံးဝထိခိုက်ပျက်ပြားစေနိုင်ခြင်းမရှိခဲ့ပေ။ တာဝန်ကျေပွန်သော ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံ၏ အခန်းကဏ္ဍအား ဤကဲ့သို့ မဟုတ်မမှန် လုပ်ကြံစာများဖြင့် သေးသိမ်မှေးမှိန်အောင် ကြိုးပမ်းမှုများမှာ မည်သို့မျှမဖြစ်သင့်သော၊ လက်ခံနိုင်ဖွယ်မရှိသော အမျိုးသားရေး သစ္စာဖောက်မှုကြီးပင် ဖြစ်ပေသည်။**

ချုပ်၍ဆိုရသော် ဤကဲ့သို့ **CRPP အဖွဲ့၏ မရောင်ရာ ဆီလူးလုပ်ရပ်များ၊ ခွန်မြင့်ထွန်းအဖွဲ့၏သခင်အားရကျွန်ပါး၀ ထောက်ခံမှုများအပါအဝင် ပြည်တွင်းပြည်ပဆန့်ကျင်ဘက်အုပ်စုများ၏ မူဝါဒလမ်းစဉ် (၇)ရပ်ဆန့်ကျင်ရေး၊ အခြေခံဥပဒေဆန့်ကျင်ရေး၊ ပြည်ပအားကိုးရေး ဆောင်ရွက်ချက်မှန်သမျှသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ဒီမိုကရေစီအရေးကြိုးပမ်းဖော်ဆောင်မှုများကို နှောင့်နှေးအောင်၊ ပျက်ပြားအောင် ဖျက်လိုဖျက်ဆီးလုပ်ရပ်များပင် ဖြစ်ပါသည်။ ဤအဖျက်လုပ်ရပ်များဖြင့် ဒီမိုကရေစီကိုတည်ဆောက်၍ ရနိုင်မည်မဟုတ်ဘဲ ပြည်သူတို့၏ ဒီမိုကရေစီပန်းတိုင်ကို ပို၍ပို၍သာ အလှမ်းဝေးစေမည်ဖြစ်ပါသည်။** ဤသို့ ပြည်သူ့ဆန္ဒကို ဆန့်ကျင်ပြီး ပြည်သူတို့၏ ဒီမိုကရေစီပန်းတိုင်ကို အလှမ်းဝေးသည်ထက်ဝေးအောင် ကြိုးပမ်းနေသောပုဆိန်ရိုးသစ္စာဖောက်များအတွက်တစ်ချိန်မဟုတ်တစ်ချိန်တွင် သစ္စာဖောက်တို့သွားရာ လမ်းကိုသာ မလွဲမသွေ မြန်းကြရမည်ဖြစ်ကြောင်း စေတနာထား၍ သတိစကား ပါးလိုက်ရပါသည်။ ။

○ နေပြည်တော်မှ

ပြိုင်ပွဲသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများ၊ အားကစားဝါသနာရှင်များ အားပေးကြည့်ရှုကြသည်။

၃၁-၇-၂၀၀၈

(နေပြည်တော်ကွင်း)

(ဂ) အုပ်စုမှ ရထားနှင့် ဆောက်လုပ်ရေး

(ပေါင်းလောင်းကွင်း)

(ဂ)အုပ်စုမှ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးနှင့် ပြန်ကြားရေး

(၁၀၇)

▲ ရှေ့ဖုံးမှ

၂၀၀၇ ခုနှစ်တွင် လူဦးရေသန်းပေါင်း ၃၃ သန်းခန့်မှာ ခုခံအားကျရောဂါဝေဒနာကို ခံစားနေကြရသည်။ ထိုရောဂါသည်အများစုမှာ အာဖရိကတောင်ပိုင်းဆာဟာရသဲကန္တာရ၌ နေထိုင်ကြသူများဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့က ဖော်ပြသည်။

အိဒ်စ်ခုခံအား ကျဆင်းသည့်ရောဂါကို ၁၉၈၀ပြည့်လွန်နှစ်များတွင် စတင်သိရှိရသည်။ ထိုရောဂါဖြင့် သေဆုံးရသူဦးရေမှာ ၂၀၀၅ခုနှစ်တွင် အမြင့်ဆုံးဖြစ်သည်။ ယင်းနှစ်က အိဒ်စ်ရောဂါသည် ၂ ဒသမ ၂ သန်း သေဆုံးခဲ့သည်။ ၂၀၀၆ခုနှစ်တွင် ထိုရောဂါဖြင့် သေဆုံးသူ ၂ဒသမ ၁သန်းရှိပြီး ၂၀၀၇ ခုနှစ်တွင် ထိုရောဂါသည် ၂သန်း သေဆုံးခဲ့သည်။

လက်လှမ်းတမီ

ယခင်အခါက ရောဂါသည်များသည် ကုသဆေးကို လက်လှမ်းမမီခဲ့ကြသော်လည်း ယခုအခါ အိဒ်စ်ရောဂါသည်များသည် ကုသဆေးကို လက်လှမ်းတမီ ရရှိလာကြပြီဖြစ်သည်။ ထိုအချက်ကြောင့်လည်း အိဒ်စ်ရောဂါရနေသည့်တိုင်အောင် အသက်ရှင်နေသေးသူလူနာများ များပြားလာရခြင်းဖြစ်သည်ဟုဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပုဇွန်တောင်မြို့နယ် လမ်း-၅၀နေ နီလေးနိုင်ကမ္ဘာ့ဖီလိမိတက်က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေကျပ်၃၂၀၀၀၀ တန်ဖိုးရှိ ဆေးများလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (ကြေးမုံ)

❖ ရွှေ့ဖုံးမှ

စီးပွားရေးစီမံကိန်းများ တိုးတက်အောင်မြင်ရေးသည် အထူးပင် အရေးကြီးကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်(၄)ရပ်တွင် တစ်ရပ်အပါအဝင်ဖြစ်သည့် “စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”ဟု ချမှတ်ပေးထားခြင်းကြောင့် လယ်ယာကဏ္ဍသည် အရေးပါဆုံးကဏ္ဍကြီးဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ၌လည်း စပါးသီးနှံသည် စိုက်ဧကအများဆုံးဖြစ်ပြီး နိုင်ငံ၏ အဓိကရိက္ခာသီးနှံ၊ တစ်နည်းအားဖြင့် National Crop အမျိုးသားရေးသီးနှံလည်းဖြစ်ကြောင်း။

ယခုနှစ် ရန်ကုန်တိုင်း၌ မိုးစပါးစိုက်ဧက ၁၂ သိန်း လျာထားသတ်မှတ်ခဲ့ရာ ယနေ့အထိ စုစုပေါင်း ၁၁၁၉၄၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၉၃ဒသမ ၂၉ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်တိုင်းအတွင်း ရေကြီးကွင်း၊ ရေနက်ကွင်း၊ သဲဆန်ကုန်းကြော ဆားငန်ရေဝင်သည့် ဒေသများ၌ ကျန်ရှိနေသောစိုက်ခင်းအချို့တွင် မိုးစပါး ဆက်လက်စိုက်ပျိုးနေဆဲဖြစ်သည်ကလွဲ၍ ရေတော်မိုးတော်ကွင်းများသည် လျာထားဧက ၈၉၄၈၄၆ ဧက အနက် ၈၉၄၈၅၂ ဧကအထိ စိုက်ပျိုးပြီးစီးခဲ့ခြင်းကြောင့် ယခုကဲ့သို့ မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ နှစ်စဉ် တိုးတက်လာသည့် လူဦးရေများအတွက် ကြိုတင်တွက်ချက်ပြီး သီးနှံစိုက်ဧရိယာများ တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အထွက်နှုန်းတိုးတက်လာရေးကိုလည်း ဆောင်ရွက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း၏ ၂၀၀၈-၂၀၀၉ ခုနှစ် ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲ၊ တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် ၂၀၀၇-၂၀၀၈ ခုနှစ် လယ်ယာကဏ္ဍထူးချွန်ဆု ချီးမြှင့်ပွဲတွင် တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ပထမဆုရ သန်လျင်မြို့နယ်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သွားရန် လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ပေးခဲ့ပြီး ရည်မှန်းချက်အထွက်နှုန်းများ ရရှိအောင် သီးနှံအလိုက် မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးရေးနှင့် စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားထားကြောင်း။

နိုင်ငံတော်အကြီးအကဲက လယ်ယာထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် စပါးအပါအဝင် အဓိကသီးနှံ ၁၀ မျိုးကို ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ပေးပြီး ရည်မှန်းချက်အထွက်နှုန်းများ ရရှိအောင် နည်းလမ်းလေးသွယ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားထားကြောင်း၊ သတ်မှတ်ပေးထားသည့် ပန်းတိုင်အထွက်နှုန်းမှာ စပါးတစ်ဧကတင်း ၁၀၀ ထွက်ရှိရေးဖြစ်ကြောင်း။

ထို့ကြောင့် ရန်ကုန်တိုင်းအနေဖြင့် စပါးပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ရရှိရေးကို ရေတော်မိုးတော် ဧရိယာများမှ ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ တစ်ဧကတင်း ၁၀၀ ကျော်ထွက်ရှိနိုင်သည့် ဆင်းသွယ်လတ်၊ ဆင်းသွယ်ရင်မျိုးများကို တိုးချဲ့ပြောင်းလဲစိုက်ပျိုးသွားရန် လိုအပ်ကြောင်း။

“ကောက်ကွက်ပြည့်မီရေးသည် ကောက်စိုက်လုံမေများ၏ လက်ဝယ်တွင်ရှိသည်”ဆိုသည့် ဆောင်ပုဒ်အတိုင်း တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် စိုက်ခင်းထဲတွင် သတ်မှတ်ကောက်ကွက်အတိုင်း ပြည့်မီရေးသည် အရေးကြီးကြောင်း၊ တစ်ဧကသတ်မှတ်ကောက်ကွက်ပြည့်မီမှသာ တစ်ဧကပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ကာ တောင်သူလယ်သမားများ တစ်ဦးချင်း ဝင်ငွေတိုးတက်မည်ဖြစ်ကြောင်း။

ယင်းသို့ တစ်ဖက်ကလည်း အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ စိုက်ဧရိယာများလည်း တိုးတက်အောင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စိုက်ဧကတိုးတက်အောင် ဆောင်ရွက်သည့် နည်းလမ်းတစ်ခုအနေဖြင့် စပါးတစ်မိုးနှစ်သီး စိုက်ပျိုးရေးကို စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယခုနှစ်တွင် တစ်မိုးနှစ်သီး ပထမစပါးအဖြစ် စိုက်ပျိုးခဲ့သည့် မြေ ၂၆၀၃၃ ဧကကို ဒုတိယစပါး ပြန်လည်စိုက်ပျိုးနိုင်ရန် လာမည့် ဩဂုတ်လအတွင်း ပျိုးခင်းများ ပျိုးထောင်နိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုကြောင်း။

ငါးမျိုးများ
စိုက်ထည့်ပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ လယ်ကွင်းထဲသို့ ငါးမျိုးများ စိုက်ထည့်ပေးကြစဉ်။

(သတင်းစဉ်)

နွေစပါးစိုက်ပျိုးကြသည့် လယ်သမားများအတွက် စိုက်ပျိုးရေ အပြည့်အဝရရှိစေရန် ရန်ကုန်တိုင်းအတွင်း ရေလှောင်တမံကိုးခုနှင့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်း ၂၂ ခုဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆက်လက်ပြီး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအသစ် သုံးခုကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စီးပွားရေးဦးတည်ချက်(၄)ရပ်တွင် တစ်ချက်အပါအဝင်ဖြစ်သည့် “ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”ဟူသော ဆောင်ပုဒ်နှင့်အညီ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် လယ်ယာသုံးစက်ကိရိယာများကို တောင်သူလယ်သမားများက တွင်တွင်ကျယ်ကျယ်အသုံးပြုနိုင်ရေးအတွက် စက်ပစ္စည်းကူညီပံ့ပိုးမှုများ၊ နည်းပညာကူညီပံ့ပိုးမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် လယ်ယာ(၁၆)၊ လယ်ယာ(၂၂) လက်တွန်းထွန်စက်များ၊ စပါးရိတ်စက်၊ တိုက်ရိုက်မျိုးစေ့ချစက်များ၊ စပါးအခြောက်ခံစက်၊ ခြွေလှေ့စက် စသည့် စက်ကိရိယာများကိုလည်း တောင်သူများ ကိုယ်ပိုင်ဝယ်ယူသုံးစွဲနိုင်ရေးအတွက် အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း။

လယ်ယာသုံး စက်ကိရိယာသုံးစွဲရန် အရေးပါသည့် စက်သုံးဆီကိစ္စရပ်များကိုလည်း အလျဉ်းသင့်၍ အသိပေးပြောကြားလိုကြောင်း။

၎င်းမှာ ဇီဝလောင်စာဆီရရှိမည့် ကြက်ဆူပင် စိုက်ပျိုးရေးပင်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်တိုင်းအတွင်း ဇီဝလောင်စာဆီ ထုတ်ယူရရှိနိုင်သည့် ခြစည်းရိုးကြက်ဆူပင်ကို ယခုနှစ်တွင် ဧကတစ်သိန်း စိုက်ပျိုးရန် လျာထားသတ်မှတ်ပေးခဲ့ပြီးဖြစ်၍ ရည်မှန်းချက်ပြည့်မီအောင် တစ်အုပ်တစ်မ စံပြစိုက်ခင်းများ စိုက်ပျိုးသွားကြရန် မှာကြားလိုကြောင်း။

ရန်ကုန်တိုင်းသည် စီးပွားရေးတိုင်းကြီးတစ်တိုင်းဖြစ်သည့်အတွက် စီမံကိန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ထံ ရန်ကုန်တိုင်း၏ ၂၀၀၈-၂၀၀၉ ခုနှစ် ရေတော်မိုးတော် စပါးကွင်းပိတ်ပွဲ အစီရင်ခံစာများကို ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ပေးအပ်ကြသည်။

ထို့နောက် ဒိုင်ချုပ် တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးကြင်ထွန်းက ပြိုင်ပွဲအမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်း၏ ၂၀၀၈-၂၀၀၉ခုနှစ် တိုင်းအဆင့် ကောက်စိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် လယ်ကွင်းထဲသို့ ငါးမျိုးများ စိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်ကြပြီး လယ်ကွင်းထဲသို့ ငါးခုံးမကြီးနှင့် ရွှေဝါငါးကြင်း ကောင်ရေ ၂၅၀၀၀ ကို စိုက်ထည့်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင် ခရိုင်ကိုယ်စားပြု ကောက်စိုက်လုံမေအဖွဲ့များက အဖွဲ့လိုက် ကောက်စိုက်စွမ်းရည်ယှဉ်ပြိုင်နေကြသည်ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပန်းတိုင်အထွက်နှုန်းစိုက်ခင်းနှင့် ဆင်းသွယ်လတ်၊ မနောသုခ၊ ကျော်ဇေယျ၊ ဧရာမင်း၊ ဆင်းသွယ်ရင်၊ ရတနာအောင်၊ သီးထပ်ရင်နှင့်ရွှေမြန်မာ စံပြစပါး စိုက်ခင်းများ၊ နွားချေးဆေး၊ တီကျစ်စာ၊ သစ်ရွက်ဆေးနှင့် အီအမ်ဘိုကာရှီ မြေဩဇာအသုံးပြု စပါးစိုက်ခင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံတံတားချဉ်းကပ်လမ်းအနီး၌ ပြသထားသော ခြေနင်းရေတင်စက်နှင့် ရန်ကုန်တိုင်း စက်မှုလယ်ယာဦးစီးဌာန၊ ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ရန်ကုန်တိုင်းဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်တိုင်း ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၊ ရန်ကုန်တိုင်းသစ်တောဦးစီးဌာန၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့လယ်ယာသုံးပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းတို့၏ ပြခန်းများကိုလည်းကောင်း၊ မြန်မာ့ဩဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက်၊ မာလာမြိုင်စိုက်ပျိုးရေးသုံးပစ္စည်းဆိုင်၊ ဂွတ်ဘရားသား ကုမ္ပဏီလီမိတက်၊ စွမ်းအားစက်မှုလက်မှု၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဂျီဂျီအီးသဘာဝမြေဩဇာနှင့် ရန်ကုန်တောင်ပိုင်းခရိုင် ဂျီအီးစီ အထူးအရောင်းဆိုင် စသည့် အရောင်းဆိုင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ယာယီမဏ္ဍပ်၌ ဆုပေးပွဲကိုကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ၂၀၀၇-၂၀၀၈ ခုနှစ် လယ်ယာကဏ္ဍ ဘက်စုံစိုက်ပျိုးထုတ်လုပ်မှု မြို့နယ်ထူးချွန်ဆုရ တိုက်ကြီးမြို့နယ်၊ ၂၀၀၇-၂၀၀၈ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် မိုးစပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှု နိုင်ငံတော်အဆင့် ထူးချွန်လယ်သမားဆုရ လှည်းကူးမြို့နယ် ဘားလားကျေးရွာမှ ဦးသောင်းဝင်း၊ ၂၀၀၇-၂၀၀၈ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် ပဲမျိုးစုံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု နိုင်ငံတော်အဆင့် ထူးချွန်လယ်သမားဆုရ ခရမ်းမြို့နယ် ပေါက်ပင်ကျေးရွာမှ ဦးဘကြိုင်နှင့် ၂၀၀၇-၂၀၀၈ ခုနှစ် ရန်ကုန်တိုင်း နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်လယ်သမားဆုရ သုံးခွမြို့နယ် ပတုတ်ကျေးရွာမှ ဦးတင်ကြီးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု မြို့နယ်ထူးချွန်ဆုရ ကျောက်တန်းမြို့နယ်၊ ၂၀၀၇-၂၀၀၈ ခုနှစ် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု မြို့နယ်ထူးချွန်ဆုရ တိုက်ကြီးမြို့နယ်နှင့် ၂၀၀၇-၂၀၀၈ ခုနှစ် ပဲမျိုးစုံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရ သုံးခွမြို့နယ်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မိုးစပါးချေးငွေပေးဆပ်နိုင်မှု မြို့နယ်ထူးချွန်ပထမဆုရ ကျောက်တန်းမြို့နယ်၊ ဒုတိယဆုရ သုံးခွမြို့နယ်၊ တတိယဆုရ ခရမ်းမြို့နယ်နှင့် နွေစပါးချေးငွေ ပေးဆပ်နိုင်မှုဆုရ လှည်းကူးမြို့နယ်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်မှု စွမ်းဆောင်ရည်အမြင့်မားဆုံး မြို့နယ်ထူးချွန်ပထမဆုရ တိုက်ကြီးမြို့နယ်၊ ဒုတိယဆုရ တွံတေးမြို့နယ်နှင့် တတိယဆုရ ထန်းတပင်မြို့နယ်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲဆုများကို ချီးမြှင့်ရာ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးသိန်းနိုင်က နှစ်သိမ့်ဆု(၂)ရ ဒဂုံမြို့သစ်မြို့နယ်များနှင့် နှစ်သိမ့်ဆု(၁)ရ မှော်ဘီမြို့နယ်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရောဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က တတိယဆုရ လှည်းကူးမြို့နယ်အသင်းအား ဆုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တိုင်းအဆင့်ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ဒုတိယဆုရ တွံတေးမြို့နယ်အသင်းနှင့် ပထမဆုရ သန်လျင်မြို့နယ်အသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အခမ်းအနားတွင် စိတ်ရောကိုယ်ပါ ပါဝင်ကူညီပံ့ပိုးပေးခဲ့ကြသော ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအား တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဧရာဝတီတိုင်း ပြန်လည်တည်ဆောက်ရေးနှင့် လယ်ယာလုပ်ငန်းခွင်တွင် ပါဝင်လုပ်အားပေးခဲ့ကြသော စစ်ကိုင်းတိုင်းမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၃၀

ဧရာဝတီတိုင်းအတွင်း ပြန်လည်တည်ဆောက်ရေးနှင့် လယ်ယာလုပ်ငန်းခွင်များတွင် တစ်လကြာ ပါဝင်လုပ်အားပေးခဲ့ကြသော စစ်ကိုင်းတိုင်းမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအား ဂုဏ်ပြုပွဲကို ဇူလိုင် ၂၉ ရက် ညနေ ၃ နာရီတွင် မုံရွာမြို့ရှိ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ဧရာဝတီတိုင်း ပြင်စလူမြို့အတွင်း ဇွန် ၆ ရက်မှ ဇူလိုင် ၁၈ ရက်အထိ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော စစ်ကိုင်းတိုင်းမှ အသင်းဝင်လူငယ် ၂၀ ကိုယ်စား အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဝင်းမြင့်အောင်က လည်းကောင်း၊ လပွတ္တာမြို့နယ်အတွင်း လယ်ယာလုပ်ငန်းများတွင် ဇွန် ၁၅ ရက်မှ ဇူလိုင် ၁၅ရက်အထိ ပါဝင်ဆောင်ရွက်ခဲ့ကြသော စစ်ကိုင်းတိုင်းမှ အသင်းဝင် လူငယ် ၅၀ ကိုယ်စား အဖွဲ့ခေါင်းဆောင် ဦးကံညွန့်ကလည်းကောင်း အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မုံရွာမြို့နယ် ကိုးပင်ကျေးရွာ၌ ကိုးပင်ရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော် အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဘုန်းတော်ကြီး ကျောင်းဓမ္မာရုံ၌ သာစည်၊ တဲကြီးကုန်း၊ ကျောက်စစ်ပုံ (မြောက်)နှင့် ကံပြားကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မုံရွာမြို့နယ် ကိုးပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ သာစည်၊ တဲကြီး၊ ကျောက်စစ်ပုံ(မြောက်)နှင့် ကံပြားကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများအား ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြားဖြစ်ရပ်များ

ကမ္ဘာတစ်လွှားဖြစ်ပွားခဲ့သော ဖြစ်ရပ်ဖြစ်စဉ်များအနက် ထူးခြားဆန်းပြားသည့် ဖြစ်ရပ်အချို့ကို ဖော်ပြလိုက်ပါသည်။

အချိန်အကြာဆုံးနှလုံးရပ်သွားသူ

နော်ဝေနိုင်ငံသား တံငါသည် ဂျွန်အီဂယ်ရက်ဖ်ရှဒယ်လ်ဆိုသူသည် ၁၉၈၇ခုနှစ် ဒီဇင်ဘာ ၇ ရက်က ငါးဖမ်းနေစဉ် ရေခဲတမျှအေးလှသည့် ရေထဲသို့ ပြုတ်ကျခဲ့သည်။ ရေက အေးလွန်းလှသဖြင့် ၎င်း၏နှလုံးမှာ လေးနာရီကြာမျှ ရပ်သွားခဲ့ပြီး နီးရာဆေးရုံသို့ အလျင်အမြန်ပို့ဆောင်ခဲ့ရသည်။ ၎င်း၏ကိုယ်အပူချိန်မှာ ၂၄ဒီဂရီစင်တီဂရိတ်(၇၅ဒီဂရီဖာရင်ဟိုက်)အထိ ကျဆင်းပြီး နှလုံးမှာ ရပ်တန့်နေခဲ့သော်လည်း သေကံမရောက် သက်မပျောက်ခဲ့ဘဲ မကြာမီမှာပင် ပုံမှန်အခြေအနေသို့ ပြန်ရောက်သွားခဲ့သည်ဟုဆိုသည်။

တိုင်တန်းနစ်သင်္ဘောနစ်မြုပ်ရာ၌ အသက်အငယ်ဆုံး ရှင်ကျန်သူ

အပျော်စီးဇိမ်ခံသင်္ဘောကြီးဖြစ်သည့် ‘တိုင်တန်းနစ်’ သင်္ဘောကြီးသည် ၁၉၁၂ခုနှစ် ဧပြီ ၁၄ရက်က ဧရာမ ရေခဲတုံးနှင့် တိုက်မိပြီး နစ်မြုပ်ခဲ့ရာ လူပေါင်း ထောင်ချီကာ သေဆုံးခဲ့ရသည်။ မည်သို့မျှ မနစ်မြုပ်နိုင်ဟု သတင်းကြီးခဲ့သော တိုင်တန်းနစ်သင်္ဘောကြီးမှာ ကံကြမ္မာ၏ မျက်နှာသာပေးမှုကိုမရရှိခဲ့ပေ။ ယင်းသို့ နစ်မြုပ်ရာမှ အသက်မသေရှင်ကျန်သူ အနည်းငယ်အနက် အသက်အငယ်ဆုံးမှာ ၆၉ရက်သားအရွယ်ရှိ မီလ်ဗင်နာဆိုသူ ကလေးမလေးပင်ဖြစ်သည်။ သူမသည် မိဘနှစ်ပါး၊ (၁၈)လအရွယ် အစ်ကိုဖြစ်သူတို့နှင့်အတူ လိုက်ပါစီးနင်းခဲ့ခြင်းဖြစ်ပြီး သူမနှင့်အတူ မိခင်ရော အစ်ကိုဖြစ်သူပါ အသက်ရှင်ကျန်ခဲ့သော်လည်း ဖခင်ဖြစ်သူမှာမူ တိုင်တန်းနစ်သင်္ဘောကြီးနှင့်အတူ ရေပြင်အောက်၌ အသက်ပျောက်ခဲ့ရသည်။

အရှိန်အပြင်းဆုံးမောင်း၍ ကားမှောက်သူ

ကားကို အရှိန်အပြင်းဆုံးမောင်းသွားရာမှ ကားမှောက်ခဲ့သော်လည်း သေကံမရောက်ခဲ့သူမှာ ယူနိုက်တက်ကင်းဒမ်း နိုင်ငံသား ဒွန်နယ်ကမ့်ဘဲလ် **(ဝဲပုံ)** ဆိုသူဖြစ်သည်။ ၎င်းသည် ၁၉၆၀ ပြည့်နှစ် စက်တင်ဘာအတွင်း Bluebird ကားဖြင့် တစ်နာရီမိုင် ၃၆၀ နှုန်း မောင်းနှင်သွားစဉ် အမေရိကန်နိုင်ငံ အူတားပြည်နယ် ဘွန်နီဗယ်လီဆော့ဖလက်စ်ဒေသအရောက် အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်ခဲ့ရာ ကားမှာ အပတ်ပေါင်းများစွာ လိမ့်သွားခဲ့ပြီး ကမ့်ဘဲလ်မှာ ဦးခေါင်းခွံ အက်သွားခဲ့သော်လည်း အသက်မသေခဲ့ပေ။

ခရမ်းမြို့ (၇၆)ကြိမ်မြောက်

သံဃဒါန အရဏ်ဆွမ်းလောင်းပွဲအတွက် ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့၏ (၇၅)ကြိမ်မြောက် (စိန်ရတုနှစ်) သံဃဒါန ဆွမ်းလောင်းပွဲကို ဇူလိုင် ၃ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ အလှူရှင် ၁၄၃ ဦးတို့က မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၂၇ ကျောင်းမှ သံဃာတော် ၈၇၉ ပါးတို့အား နေ့စဉ် အရုဏ်ဆွမ်းလောင်းလှူလျက်ရှိသည်။

(၇၆)ကြိမ်မြောက် အရုဏ်ဆွမ်းလောင်းလှူပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ကိုင်းကုန်းပဋ္ဌိတက္ကသိုလ်ကျောင်းတိုက် နာယက ဆရာတော် (ဖုန်း-၀၅၆-၃၀၀၃၇)နှင့် မြို့နယ်အရုဏ်ဆွမ်းလောင်း အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြဝိုင်း ဖုန်း-၀၅၆-၃၀၂၇၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁-၇-၂၀၀၈ (ကြာသပတေးနေ့)

၁၃၇၀ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော်(၁၄)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အကပဒေသာ
- ၇း၅၀ ၅။ အတီးပြိုင်ပွဲ
- ၈း၀၀ ၆။ ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား (အုန်းတော)
- ၈း၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၄း၃၀ ၄။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက(၄) စမ်းချောင်း အမျိုးသား ဝတ်ရွတ်အဖွဲ့
- ၄း၅၀ ၅။ တေးဂီတ အစီအစဉ်
- ၅း၀၀ ၆။ အကပြိုင်ပွဲ
- ၅း၁၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅း၁၅ ၈။ **“ငှက်တစ်သောင်း” (ကင်းကောင်၊ ငှက်ပျောကြော်၊ ထူးမွန်၊ အကယ်ဒမီ စိုးရွှေ၊ ဦးမြင့်စိုး၊ တိမ်ညွန့်) (ဒါရိုက်တာ-မောင်သီ)**
- ၅း၃၀ ၉။ တေးဂီတ အစီအစဉ်
- ၅း၄၀ ၁၀။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ ဦးခိုက်ဖူးမြော် ရွှေမော်ဓောစေတီတော်
- ၆း၅၅ ၁၄။ မှုဟန်သွယ်သွယ် ဆိုကြမယ်
- ၇း၀၅ ၁၅။ **နိုင်ငံခြား ဇာတ်လမ်းတွဲ “ကော်ဖီချစ်သူ” (အပိုင်း-၁၇)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ လပတ် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ပင်လယ်ပျော်မင်းသား” (အပိုင်း-၁၅)**
- ၂၁။ အစီအစဉ်ပြီး၏။

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးဓမ္မာရုံ၌ တရားတော်များ ဟောကြားမည်

ရန်ကုန် ဇူလိုင် ၃၀

၁၃၇၀ပြည့်နှစ် ဝါဆိုလကွယ်နေ့ (ဩဂုတ် ၁ ရက်) ည ၇ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးဓမ္မာရုံ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂါရဝ က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

“ရင်ခုန်နှင်းဆီ” ဇာတ်ကားအပြိုင်မရှိဆက်လက်ပြသ

ရန်ကုန် ဇူလိုင် ၃၀

ဩဂုတ် ၁ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကား “ရင်ခုန်နှင်းဆီ”တစ်ကားတည်းသာ ပြိုင်ဘက်မရှိ ဆက်လက် ပြသမည် ဖြစ်သည်။

“ရင်ခုန်နှင်းဆီ” ဇာတ်ကားကို ကျော်ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ခြင်းဖြစ်သည်။ ဇာတ်လမ်းမှာ ဆုဩချယ်ဖြစ်ပြီး မျိုးကိုမျိုးက ဇာတ်ညွှန်းရေးဖွဲ့ကာ ဒါရိုက်တာ အောင်ဆွေမြန်မာက တာဝန်ယူရိုက်ကူးခဲ့ခြင်းဖြစ်သည်။ နှလုံးသားဒဏ်ရာရရှိခဲ့ဖူးသူ မိခင်တစ်ဦးက မိမိ၏သမီးဖြစ်သူအားလည်း မိမိကဲ့သို့ မခံစားရစေရန် စည်းကမ်းတင်းကျပ်ချုပ်ချယ်ခဲ့သော်လည်း သမီးဖြစ်သူက လူငယ်ပီပီ မိမိ၏ အိမ်ထောင်ရေးကို ဖန်တီးခဲ့ပုံအကြောင်း အခြေခံရိုက်ကူးထားသော အိမ်ထောင်ရေးပညာပေး အချစ်ဇာတ်ကားတစ်ကားဖြစ်သည်။ အထူးသဖြင့် အိမ်ထောင်ရှင်လူကြီးများ၏ အချစ်နှင့်လူငယ်များ၏ တဇွတ်ထိုးလုပ်တတ်သည့် အချစ်တို့ကို နှိုင်းယှဉ်ပြသထားသည့် လူငယ်အကြိုက် အချစ်ဇာတ်ကားတစ်ကား ဖြစ်သည်။ ကျော်သူ၊ မို့မို့မြင့်အောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်တို့နှင့်အတူ ဧည့်သည်သရုပ်ဆောင် မြတ်ကေသီအောင်တို့နှင့်အတူ ဇာတ်ပို့ဇာတ်ရံများ အင်ပြည့်အားပြည့် ပါဝင်ထားကြပြီး သမ္မတနှင့်သွင်တို့၌ တစ်ပြိုင်တည်းပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ရွှေဆောင်ရုံတွင် ဂါမာရောင်ခြည်အဆိပ်သင့်မှုကြောင့် ခန္ဓာကိုယ်၏ ကလာပ်စည်းများ အဆမတန်ကြီးထွားမှုကြောင့် လူသန်ကြီးတစ်ဦးဖြစ်လာသော သိပ္ပံပညာရှင်တစ်ဦးကို အခြားရန်ဘက်လူသန်ကြီးတစ်ဦးက ရန်ပြုတိုက်ခိုက်ပုံကို ဇာတ်လမ်းဆင်ထားသည့် သိပ္ပံပညာနှင့် စွန့်စားမှုအသားပေး The Incredible Hulk ဇာတ်ကြမ်းကား ပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင် လက်နက်ဆန်းများ ထုတ်လုပ်သော လုပ်ငန်းရှင်တစ်ဦးအား အကြမ်းဖက်အုပ်စုတစ်ခုမှ ပြန်ပေးဆွဲပြီး ၎င်းတို့အတွက် လက်နက်ဆန်းများထုတ်လုပ်ပေးရန် အကျပ်ကိုင်မှုအား ပူးပေါင်းနှိမ်နင်းပုံကို ဇာတ်လမ်းဆင်ထားသည့် သိပ္ပံခေတ်လွန် ဇာတ်ကြမ်းကား Iron Man ပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်

မင်္ဂလာရုံတွင် အနာဂတ်ကာလသို့ သွားရောက်နိုင်သော စက်ကိရိယာ တီထွင်နိုင်သူတစ်ဦး၏ စက်ကိုအသုံးပြု၍ ၂၀၅၀ ပြည့်နှစ်သို့ သွားရောက်ခဲ့သော ချစ်သူစုံတွဲနှင့် ၎င်းတို့၏ ညီငယ်၊ ညီမငယ်များမှာ ၂၀၅၀ပြည့်နှစ်၏ ထူးဆန်းအံ့ဩဖွယ်ရာများနှင့် တိုးတက်ဖြစ်ထွန်းမှုများကို မျက်မြင်တွေ့ခဲ့ရမှုအား ဒါရိုက်တာက လက်စွမ်းပြ ရိုက်ကူးထားသည့် အင်္ဂလိပ်စာတန်းထိုး အိန္ဒိယအချစ်၊ သိပ္ပံဇာတ်ကားပြသမည်ဖြစ်သည်။

ဆုထူးပန်ရုံတွင် နာမည်ကြီးသရုပ်ဆောင်များဖြစ်သည့် ဆယ်လ်မန်ခန်းနှင့် ဆူနီးရှုက်တီးတို့ ပါဝင်သည့် Kyon Ki ဇာတ်ကား၊ မြို့မရုံတွင် ဂိုသစ်ရောရှမ်းနှင့် မီရှာပတေးတို့ ပါဝင်သည့် Aap Mujhe Achche Lague Lage အိန္ဒိယအချစ်ဇာတ်ကားနှင့် မြေနီကုန်း ရတနာပုံရုံတွင် ရဲနှင့်လူဆိုးတို့ အစွမ်းပြိုင်ကြသည့် စွန့်စားမှုအသားပေး အက်ရှင်ဇာတ်ကား Don တို့ ပြသမည်ဖြစ်သည်။ (ကြေးမုံ)

သမ္မတနှင့် သွင် ရုံ ၌ ဆက် လက် ပြ သ မည့် “ရင်ခုန် နှင်း ဆီ” ဇာတ် ကားမှ စိုင်း စိုင်းခမ်းလှိုင် နှင့် သက် မွန်မြင့်။

ယူကရိန်းနိုင်ငံ အနောက်ဘက်ရှိ မီဇူရစ်ချ်ကျေးရွာတွင် ရေကြီးနေသည်ကို ဇူလိုင် ၂၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ဘတ်ဂျက်လိုငွေပြမှု ၂၀၀၉ ခုနှစ်၌ စံချိန်တင်မြင့်တက်မည်

ဝါရှင်တန် ဇူလိုင် ၂၉

အမေရိကန် ပြည်ထောင်စုတွင် အိုးအိမ်လုပ်ငန်းမှ အစပြု၍စီးပွားရေး ကျဆင်းလာခြင်းကြောင့် အစိုးရ အခွန်တော်ရရှိမှု လျော့နည်းလာသဖြင့်၂၀၀၉ ခုနှစ်ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ဘတ်ဂျက် လိုငွေပြမှုသည် ဒေါ်လာတစ်ထရီလီယံ တစ်ဝက်နီးပါး အထိ စံချိန်တင် ဆိုးရွားလာလိမ့်မည်ဖြစ်ကြောင်း ဘုရှ်အစိုးရက ပြောကြားသည်။

စီးပွားရေးနှင့်ဘဏ္ဍာရေး ဆိုးရွားစွာ ကျပ်တည်းလာခြင်းကြောင့် အပိုအလိုမရှိ ညီမျှသောဘတ်ဂျက်ရေးဆွဲရန် ကြိုးစားခြင်းကို ခက်ခဲစေလိမ့်မည်ဖြစ်သည်။ ထို့အပြင် ၂၀၀၉ခုနှစ် ဇန်နဝါရီလတွင် အိမ်ဖြူတော်သို့ ရီပတ်ဘလီကန် အထက်လွှတ်တော် အမတ် ဂျွန်မက်ကိန်းဖြစ်စေ၊ ဒီမိုကရက်တစ်အထက်လွှတ်တော်အမတ် ဘာရက်အိုဘားမားပင် ဖြစ်စေ မည်သူပင်ရောက်ရောက် ထိုကိစ္စသည် အစိုးရအဖွဲ့ကို စိန်ခေါ်နေမည်ဖြစ်သည်ဟု ဆိုသည်။

အောက်တိုဘာ ၁ ရက်မှ စတင်မည့် ဘဏ္ဍာနှစ်အတွင်း ဘတ်ဂျက်လိုငွေပြမှုသည် အမေရိကန်ဒေါ်လာ ၄၈၂ ဘီလီယံသို့ ရောက်ရှိလိမ့်မည်ဟု အိမ်ဖြူတော်မှ ကြိုတင်ခန့်မှန်းချက်အသစ်ကိုအထက်လွှတ်တော်ဘတ်ဂျက်ကော်မတီဥက္ကဋ္ဌ ကင့်ကွန်ရတ်က တုံ့ပြန်ပြောဆိုရာတွင်နောင်နှစ်အီရတ်စစ်ပွဲစရိတ်များကို ပေါင်းလိုက်လျှင် လိုငွေသည် နောက်ထပ် အမေရိကန်ဒေါ်လာဘီလီယံ ၈၀ မြင့်တက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

နျူကလီးယားစမ်းသပ်မှု ရပ်ဆိုင်းရေး အဆိုပြုချက်နှင့်စပ်လျဉ်း၍ အီရန်သမ္မတပြောကြား

ဝါရှင်တန် ဇူလိုင် ၂၉

အီရန်နိုင်ငံအား နျူကလီးယားစမ်းသပ်မှုများ ရပ်ဆိုင်းရန်အတွက် မက်လုံးပေးသည့် အဆိုပြုချက် တင်ပြခဲ့ကြသော အမေရိကန်ပြည်ထောင်စု အပြင် အခြားကမ္ဘာ့အင်အားကြီးငါးနိုင်ငံတို့နှင့် အမြင်တူညီသော အကြောင်းအရာများကို အီရန်နိုင်ငံရှာဖွေသွားမည် ဖြစ်ကြောင်း သမ္မတအာမက်ဒီနီဂျက်က တနင်္လာနေ့တွင် ပြောကြားသည်။

မက်လုံးပေးထားသော အဆိုပြုချက်ကိုတုံ့ပြန်ပြောကြားရန်နောက်ဆုံးရက်မတိုင်မီ ရက်အနည်းငယ်အလို၌ အနောက်အုပ်စုနှင့် သဘောတူညီမှုရရှိရန်တိုးတက်မှုသည် အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံအား ချဉ်းကပ်ရာတွင် ရိုးသားမှုအပေါ်မူတည်နေသည်ဟု အီရန်သမ္မတက "အေဘီစီနယူးစ်" သို့ပြောကြားသည်။

ဇူလိုင် ၁၉ ရက်က ဂျီနီဗာတွင် အီရန် စေ့စပ်ညှိနှိုင်းရေး အရာရှိနှင့်တွေ့ဆုံဆွေးနွေးပြီးနောက် အနောက်နိုင်ငံများမှ အရာရှိများက ၎င်းတို့ကမ်းလှမ်းထားခြင်းကိုပြန်လည်ဖြေကြားရန်အတွက် အီရန်နိုင်ငံအား နှစ်ပတ်အချိန်ပေးထားကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ဂွါတီမာလာ၌ မိုးသည်းထန်စွာ ရွာသွန်း မြို့၂၅မြို့ကို အရေးပေါ်အခြေအနေ သတ်မှတ်

မက္ကဆီကိုစီးတီး ဇူလိုင် ၂၉

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အပျက်အစီးများ နေရာအနှံ့ ဖြစ်ခဲ့ပြီးနောက် ဒေသန္တရအုပ်ချုပ်မှုစနစ်အောက်ရှိ မြို့ပေါင်း ၂၅ မြို့ကို ဂွါတီမာလာနိုင်ငံ အစိုးရက ဇူလိုင် ၂၁ ရက်တွင် အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။

မိုးရွာသွန်းမှုကြောင့်ဖြစ်ပွားခဲ့သည့် ပျက်စီးဆုံးရှုံးရသော ပစ္စည်းဥစ္စာ၊ လူများနှင့် ပတ်သက်၍ အစိုးရက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ် ပူးပေါင်းကယ်ဆယ်ရေးအဖွဲ့ညွှန်ကြားရေးမှူးက ပြောကြားသည်။

ရေဘေးဒုက္ခသည် ထောင်ပေါင်းများစွာကို ကူညီရန် အမေရိကန်ဒေါ်လာ ခြောက်သန်းခန့် ခွင့်ပြုမည်ဟု ဂွါတီမာလာအစိုးရက ထုတ်ပြန်ခဲ့သည်။ မကြာမီရက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံတစ်ဝန်း လူ ၆၀သေဆုံးပြီး ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိ စိုက်ပျိုးရေးလုပ်ငန်းများနှင့်အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အနောက်ဘက် အင်္ဂလန်ရှိ သမိုင်းဝင် ထင်ရှားသော ဂရင်းပီယာ တံတား မီးလောင်နေသည်ကို ဇူလိုင် ၂၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ ဗြိတိသျှတပ်ဖွဲ့ဝင်သေဆုံး

လန်ဒန် ဇူလိုင် ၂၉

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟဲမန့်ပြည်နယ်တွင် ဇူလိုင် ၂၈ ရက်ကခြေလျင်ကင်းလှည့်နေသောဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေနတ်ပစ်ခံရ၍သေဆုံးခဲ့သည်။ ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံတွင် ဗြိတိသျှတပ်ဖွဲ့ဝင် သေဆုံးသူ အရေအတွက် ၂၇ဦးထိဖြစ်လာသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်း အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် တာလီဘန်စစ်သွေးကြွများက လမ်းဘေးဗုံးများဖြင့် ပိုမိုတိုက်ခိုက်ခဲ့ပြီး ဗြိတိသျှတပ်ဖွဲ့များကိုလည်း အလစ်ဝင်ရောက်တိုက်ခိုက်နေသည်။ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်းပြီး အာဖဂန်နစ္စတန်နိုင်ငံသို့ ကျူးကျော်ဝင်ရောက်၍ တာလီဘန်များကို မောင်းထုတ်ပြီးကတည်းက နောက်ဆုံး သေဆုံးမှုအပါအဝင် ဗြိတိသျှတပ်ဖွဲ့ဝင် ၁၁၃ ဦး သေဆုံးခဲ့သည်။ ယင်းနိုင်ငံတွင် ဗြိတိသျှတပ်ဖွဲ့ဝင် ၈၁၀၀ ခန့်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ။**

ရုရှားမှ ကမ္ဘာ့အနက်ဆုံးနှင့် ရေးအကျဆုံးရေအိုင် ရေငုပ်ယာဉ်ဖြင့် စူးစမ်းမည်

မိထရိုပိုလီယာပလက်ဖောင်း(ရုရှား) ဇူလိုင် ၃၀

ရုရှားသိပ္ပံပညာရှင်များသည် ကမ္ဘာ့အနက်ဆုံးရေအိုင်ဖြစ်သည့် ဘိုင်ကယ်ရေအိုင်အတွင်း ရေငုပ်ယာဉ်ဖြင့်ဆင်းကာ သိပ္ပံစမ်းသပ်မှုဆိုင်ရာ စံချိန်တင်ရန် ဇူလိုင် ၂၉ရက်တွင် ကြိုးစားကြသည်။

ထိုလေ့လာမှုကို ရုရှားသိပ္ပံပညာရှင် အာတူရာချီလင်ဂါရောဗ်က ဦးဆောင်ကာပြုလုပ်ခြင်းဖြစ်သည်။ ရုရှားတို့ မြောက်ဝင်ရိုးစွန်းဒေသတွင် ရေငုပ်ဆင်းကာ ကမ္ဘာ့စံချိန်တင်စဉ်ကလည်း ၎င်းပါဝင်ခဲ့သည်။

တရုတ်နိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံနှင့် ရုရှားနိုင်ငံတို့ထိစပ်နေရာနယ်မြေတွင် တည်ရှိသော ဘိုင်ကယ်ရေအိုင်သည် ကမ္ဘာ့ရှေးအကျဆုံး ရေအိုင်ဖြစ်သည့်အပြင် ရှားပါးသောရေနေ သက်ရှိများ နေထိုင်ကျက်စားရာ ရေအိုင်လည်းဖြစ်သည်။ ယင်းရေအိုင်ကို စူးစမ်းလေ့လာရာတွင် မီယာ ၁နှင့် မီယာ ၂ ရေငုပ်ယာဉ် နှစ်စင်းကို အသုံးပြုမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

နီပေါနိုင်ငံ အနောက်ပိုင်းတွင် လေယာဉ်ပျက်ကျမှုဖြစ်၊ ၁၅ ဦးပျောက်ဆုံး

ခတ္တမန္ဒူ ဇူလိုင် ၂၉

နီပေါနိုင်ငံအနောက်ပိုင်းတွင် တနင်္ဂနွေနေ့က လေမှောက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၅ဦး ပျောက်ဆုံးလျက်ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။ အဆိုပါလှေမှောက်မှုတွင် ပါဝင်ခဲ့သော ၁၅ဦးကိုလည်း ကယ်တင်ပေးခဲ့ပြီးဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းများက ရေးသားဖော်ပြသည်။

ထိုလှေသည် နီပေါနိုင်ငံမြို့တော် ခတ္တမန္ဒူအနောက်ဘက် ကီလိုမီတာ ၄၇၀ ခန့်အကွာရှိ ကာလာလီဒေသတွင်ရှိသော ကနာရီမြစ်အတွင်း၌ တနင်္ဂနွေနေ့က တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ နီပေါနိုင်ငံတွင် ဇွန်လမှစတင်၍ မိုးရာသီကာလသို့ ဝင်ရောက်လာခဲ့ပြီးနောက် အဆိုပါ မတော်တဆမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရှိရသည်။ **အင်တာနက်။**

ဘင်္ဂလားဒေ့ရှ်တွင် ဓာတ်ငွေ့ ဆလင်ဒါအိုးပေါက်ကွဲ နှစ်ဦးသေဆုံး၍ ရှစ်ဦးဒဏ်ရာရ

ဒါကာ ဇူလိုင် ၂၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြို့တော် ဒါကာမှ ၂၄၂ ကီလိုမီတာ ကွာဝေးသော စစ်တကောင်းခရိုင်တွင် စနေနေ့က ဓာတ်ငွေ့စက်ရုံမှ ဓာတ်ငွေ့ဆလင်ဒါအိုးတစ်လုံးပေါက်ကွဲသွားရာ နှစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိသွားသည်။

ပေါက်ကွဲမှုဖြစ်ပွားသွားသောနေရာမှာ အောက်စီဂျင်ဓာတ်ငွေ့များကို ဖြည့်သွင်းရာစက်ရုံတွင်ဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်များကယူအဇန်ဘီသတင်းဌာနသို့ သတင်းပေးသည်။ အခင်းဖြစ်ပွားမှုကြောင့်တစ်ဦးမှာပေါက်ကွဲရာနေရာ၌ပင် သေဆုံးသွားပြီး အခြားတစ်ဦးမှာ ဆေးရုံသို့ သယ်ဆောင်သွားစဉ် သေဆုံးခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မာဖီးယားဂိုဏ်းခေါင်းဆောင် ဈေးဝယ်နေစဉ်အဖမ်းခံရ

ရောမ ဇူလိုင် ၂၉

အဆိုးသွမ်းဆုံးနေပယ်မာဖီးယားဂိုဏ်းမှခေါင်းဆောင်တစ်ဦးအား အီတလီနိုင်ငံ ရောမမြို့၌ ဈေးဝယ်နေစဉ် ဖမ်းဆီးရမိလိုက်သည်။ အဖမ်းခံရသူ လူဆိုးဂိုဏ်းခေါင်းဆောင်မှာ အာဒရီယာနိုဂရာဇီယာနိုဆိုသူဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာက ဖော်ပြသည်။ ၎င်းသည် အထည်ဒီဇိုင်းဆိုင်မှ အထွက်တွင် အဖမ်းခံရခြင်းဖြစ်သည်။ ၎င်းသည် ဂရာဇီယာနိုဆွေမျိုးစုအဖွဲ့မှ လူဆိုးခေါင်းဆောင်တစ်ဦးဖြစ်ပြီး မေလအတွင်းက ပြုလုပ်သည့် ဖမ်းဆီးမှုတွင် လွတ်မြောက်ထွက်ပြေးသွားသူဖြစ်သည်။ ထိုစဉ်က ၎င်း၏ဂိုဏ်းအဖွဲ့မှ ၂၃ဦးကိုလည်း လက်ရဖမ်းဆီးနိုင်ခဲ့သည်။

ဂရာဇီယာနိုဆွေမျိုးစု မာဖီးယားမျိုးစုအဖွဲ့သည် နေပယ်မြို့ရှိ အခြားမာဖီးယားဂိုဏ်းတစ်ဂိုဏ်းဖြစ်သော ကာမိုရာဂိုဏ်းနှင့်သွေးချောင်းစီးမျှလူသတ်ပွဲများဖြစ်ပွားခဲ့သည်။ ပြိုင်ဘက်လူဆိုးဂိုဏ်းအုပ်စုကို ချုံခိုတိုက်ခိုက်ရန် ဂရာဇီယာနိုကအမိန့်ပေးခဲ့ကြောင်း ထောက်လှမ်းရေးမှူးများက ပြောကြားသည်။ ထိုတိုက်ခိုက်မှုကြောင့် ပြိုင်ဘက်ဂိုဏ်းမှ မိခင်တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ သေဆုံးခဲ့ရသည်။ **အင်တာနက်။**



ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားရှိ ဘိုင်ကယ်ရေအိုင်အတွင်း သိပ္ပံဆိုင်ရာ စူးစမ်းမှုများ ပြုလုပ်မည့် မီယာ-၂ ရေငုပ်သင်္ဘောအား ရေအိုင်အတွင်းမချမီ ဇူလိုင် ၂၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ဇူလိုင် ၂၇ရက်က ဗုံးပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားပြီးနောက် စစ်ဆေးမှုများပြုလုပ်နေစဉ်။ [ယင်းဗုံးပေါက်ကွဲမှုကြောင့် ၁၆ ဦး သေဆုံးပြီး ၁၅၀ ကျော် ဒဏ်ရာရရှိသည်။] (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်အဏုမြူလေယာဉ်တင်သင်္ဘော လာရောက်သည့်ကိစ္စ ဂျပန်ပြည်သူများ ဆန္ဒပြကန့်ကွက်

တိုကျို ဇူလိုင် ၂၉

ဂျပန်နိုင်ငံ နာဂါဆာကီဒေသရှိ ဆာစီဘိုဆိပ်ကမ်းသို့ အမေရိကန်နိုင်ငံမှ အဏုမြူလေယာဉ်တင် သင်္ဘော ရော်နယ်ရီဂင် လာရောက်လည်ပတ်သည့်ကိစ္စကို ဇူလိုင် ၂၈ ရက်က ဒေသခံဆန္ဒပြသူ အများအပြားက ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြ

နိုင်ငံအနောက်တောင်ပိုင်း နာဂါဆာကီဒေသရှိ ဆာစီဘိုဆိပ်ကမ်းသည် အမေရိကန်ရေတပ်ဖွဲ့ စခန်းချရာဆိပ်ကမ်းတစ်ခုဖြစ်သည်။ အလုပ်သမားအဖွဲ့အစည်းများနှင့် လူဒါဇင်ပေါင်းများစွာတို့သည် ငါးဖမ်းသင်္ဘော ၂၀ ခန့်ကိုအသုံးပြု၍ ဆန္ဒပြကြခြင်း ဖြစ်သည်။

လေယာဉ်တင်သင်္ဘော ရော်နယ်ရီဂင်သည် တန် ၁၀၂,၀၀၀ ရှိသော သင်္ဘောဖြစ်ပြီး ယင်းသင်္ဘောပေါ်တွင် ရေတပ်ဖွဲ့ဝင် ၄,၂၆၆ ဦး လိုက်ပါလာသည်။ ထိုသင်္ဘောသည် အမေရိကန်နိုင်ငံ စန်တီယာဂို အခြေစိုက်စခန်းမှ ယခုနှစ် မေလတွင် ထွက်ခွာလာခြင်းဖြစ်သည်။

အင်တာနက်။

နေတိုးတပ်ဖွဲ့ လေကြောင်းမှတိုက်ခိုက် တာလီဘန် ဒါဇင်ပေါင်းများစွာ သေဆုံး

ကို့စ်ခ် (အာဖဂန်နစ္စတန်) ဇူလိုင် ၂၉

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းပြည်နယ် ကို့စ်ခ်တွင် ဇူလိုင် ၂၈ ရက်က နေတိုးတပ်ဖွဲ့ဝင်များသည် လေကြောင်းမှ တိုက်ခိုက်မှုများပြုလုပ်ရာ တာလီဘန် ဒါဇင်ပေါင်းများစွာ သေဆုံးသွားကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ထိုးစစ်ဆင်

တာလီဘန်များ အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းတွင် တိုက်ခိုက်မှုများ ပြန်လည် အရှိန်ကောင်းလာသည်မှာ အချိန်နှစ်နှစ်ပင် ရှိပြီဖြစ်သည်။ ၎င်းတို့သည် အင်အားပြန်စုစည်း၍ နိုင်ငံခြားသားတပ်ဖွဲ့များနှင့် ထိုတပ်ဖွဲ့များက ထောက်ခံအားပေးသော အစိုးရတပ်များကို ပြန်လည်ထိုးစစ်ဆင်လျက်ရှိသည်။

ပါကစ္စတန်နယ်စပ်မျဉ်းအနီး စပီရာခရိုင်တွင် အပေါင်းပါတပ်ဖွဲ့များက တာလီဘန်များ၏စစ်ဆင်မှုကို ကြိုတင်ကာကွယ်သည့်အနေဖြင့် အရင်ဦး ထိုးစစ် ဆင်နွှဲခဲ့ခြင်းဖြစ်သည်ဟု အာဆာလာဂျမားက ပြောကြားသည်။

အင်အားနည်းပါးသည့် စပီရာခရိုင်ရဲစခန်းကို တာလီဘန်များ တိုက်ခိုက်စဉ် နေတိုးတပ်ဖွဲ့များက လေကြောင်းစစ်ဆင်နွှဲသဖြင့် တာလီဘန် ၅၀ မှ ၇၀ အထိ သေဆုံးသွားရကြောင်း သိရသည်။

အမ်အေအေ၊ ရိုက်တာ။

ပါလက်စတိုင်းဒေသ၌ မိုးခေါင်၍ ခြောက်သွေ့လာခြင်းဖြစ်

အနောက်ဘက်ကမ်းရှိ ရေအရင်းအမြစ် ၉၀ ရာခိုင်နှုန်းကို အစ္စရေးက ထိန်းချုပ်ထား

အနောက်ဘက်ကမ်းဒေသ ဇူလိုင် ၂၉

အနောက်ဘက်ကမ်း ဒေသတွင် ယခုနှစ်၌ မိုးခေါင်မှုဖြစ်ပွားသဖြင့် ရေရှားပါးသည့် ပြဿနာနှင့် ဆိုးဆိုးရွားရွား ရင်ဆိုင်နေရကြောင်း သောက်သုံးရေဖြန့်ဝေမှုဆိုင်ရာ ပါလက်စတိုင်း အာဏာပိုင်များက ဇူလိုင် ၂၈ ရက်တွင် ပြောကြားသည်။

အဆိုပါဒေသတွင်း၌ မိုးခေါင်နေသည်မှာ ငါးနှစ်ဆက်တိုက်ပင် ရှိသွားပြီဖြစ်သည်။ ၂၀၀၈ ခုနှစ် မေလ အလယ်ပိုင်းကာလမှစ၍ ပါလက်စတိုင်းအများအပြားမှာ ရေအခက်အခဲနှင့်ကြုံနေရခြင်းဖြစ်ကြောင်း ရှားဒတ် အာကီလီက ပြောကြားသည်။

အနောက်ဘက်ကမ်းဒေသရှိ ရေအရင်းအမြစ် ၉၀ ရာခိုင်နှုန်းကို အစ္စရေးများက ထိန်းချုပ်ထားသည်။ ထိုအရင်းအမြစ်နှင့် ပတ်သက်၍ သုံးစွဲရာတွင် လူသားချင်း စာနာသောရှုထောင့်မှသာ ရှုမြင်ပြီး ခွဲဝေပေးသင့်သည်။ ပါလက်စတိုင်းနှင့် အစ္စရေးတို့အကြား ပေါ်ပေါက်နေသည့်ပြဿနာနှင့်ရေကိစ္စကို ဆက်စပ်ကျင့်သုံးသော မူဝါဒမျိုးမထားရှိသင့်ကြောင်း အာကီလီက ဆက်လက်ပြောကြားသည်။

ရေမဖြတ်

အစ္စရေးတို့အနေဖြင့်လည်း ကြားဖြတ်ငြိမ်းချမ်းရေး သဘောတူညီချက်တွင်ပါရှိသော ခွဲတမ်းထက်ပင်ပို၍ ပါလက်စတိုင်းများထံသို့ သောက်သုံးရေများ ဖြန့်ဝေပေးနေကြောင်း အစ္စရေး ရေအာဏာပိုင်အဖွဲ့မှ အူရီရှားနီက ပြောကြားသည်။ ရေအခက်အခဲသည် အခြေအနေအကြောင်းကြောင်းကြောင့် အစ္စရေးဘက်ခြမ်း၌လည်း ကြုံရကြောင်း၊ သို့ရာတွင် ရေဖြတ်တောက်သည့်ကိစ္စကို ဆောင်ရွက်ခြင်းမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လနှင့်ချီ၍

နာဘလပ်စ်မြို့တွင် ရေကိုသီတင်းတစ်ပတ်လျှင် တစ်ကြိမ်သာ ရရှိပြီး အနီးဝန်းကျင်ရှိ ဆာလမ် ကျေးရွာတွင် ရေမရသည်မှာ လနှင့်ချီ၍ ကြာပြီဟုဆိုသည်။ ဒေသနေပြည်သူများသည် ရေသယ်ယာဉ်များဖြင့် သယ်ယူလာသော ရေများကို တန်ဖိုးကြီးပေး၍ ဝယ်ယူသုံးစွဲနေရကြောင်း သိရသည်။ ***အင်တာနက်။***

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ပင်မွန်နာဒေသတွင် ဇူလိုင် ၂၉ ရက်က ၅ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်ပြီးနောက် အပျက်အစီး အချို့ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယအနောက်ပိုင်းမြို့၌ မပေါက်ကွဲသေးသည့် ဗုံးတွေ့ရှိ

အာမီဒါဘတ် ဇူလိုင် ၃၀

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဆူးရက်မြို့တွင် မပေါက်ကွဲသေးသည့် ဗုံးကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိကြောင်း၊ အဆိုပါဒေသတွင် ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ရာ ၄၅ ဦး သေဆုံးခဲ့ပြီးနောက် သုံးရက်အကြာအင်္ဂါနေ့တွင် ယင်းဗုံးကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။ ဆူးရက်မြို့သည် ကမ္ဘာတွင် ထင်ရှားသည့် စိန်သွေးလုပ်ငန်း လုပ်ကိုင်သည့်နေရာဖြစ်သည်။

ဆူးရက်မြို့ခံတစ်ဦးသည် သံသယရှိဖွယ်အထုပ်တွေ့ရှိ၍ ဖုန်းဖြင့် အကြောင်းကြားခဲ့သဖြင့် ဗုံးရှင်းလင်းရေးအဖွဲ့ကို စေလွှတ်ခဲ့ကြောင်း၊ ၎င်းတို့သည် ယခုချိန်ထိ ဗုံး၏စနက်တံကို ဖြုတ်နေကြောင်း အထက်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

အိုင်တီနည်းပညာထွန်းကားသည့် ဘန်ဂလိုဒေသတွင် ဗုံးပေါက်ကွဲမှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။ ထိုဖြစ်ပျက်မှုပြီးနောက် ဂူဂျာရတ်ပြည်နယ် အာမီဒါဘတ်မြို့အနီးတွင် ၁၆ နေရာ ဗုံးပေါက်ကွဲမှု ဖြစ်ခဲ့သည်။

အင်တာနက်။

ဂျကာတာမြို့သို့ ပြေးဆွဲသည့် ရထားအောက်တွင် ဓာတ်ဆီပုလင်းဗုံး ၁၀ လုံးတွေ့ရှိ

ဂျကာတာ ဇူလိုင် ၂၉

အင်ဒိုနီးရှားနိုင်ငံ မြို့တော် ဂျကာတာသို့ ဦးတည်ခုတ်မောင်းလာသည့် ရထားတစ်စင်းအောက်တွင် ဓာတ်ဆီပုလင်းဗုံး ၁၀ လုံးကို တွေ့ရှိပြီးနောက် ရဲတပ်ဖွဲ့က စတင်စုံစမ်းလျက်ရှိသည်ဟု တာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောကြားသည်။

ဂျကာတာမြို့မှ ၂၂၅ ကီလိုမီတာအကွာ အနောက်ဂျမားစီရီဘွန်မြို့မှ ထွက်ခွာလာသည့် ရထားအောက်တွင် အင်္ဂါနေ့နံနက်က ဓာတ်ဆီပုလင်းဗုံးများကို တွေ့ရှိခဲ့သည်။

ရထားအောက်ဘက်တွင် ပလတ်စတစ်ကြိုးအနက်ဖြင့် ချည်နှောင်ထားသော မီးစာထည့်ထားသည့် ဓာတ်ဆီပုလင်းဗုံး ၁၀ လုံးကို တွေ့ရှိခဲ့ကြောင်း ဆီရီဘွန်လုပ်ငန်းမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အင်တာနက်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ ၁၀၀ အကွာရှိ ကာမာရာဒေသ အီရတ် ရဲဌာနချုပ်၌ ဖမ်းဆီးထားသည့် သောင်းကျန်းသူများကို ဇူလိုင် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် ဓမ္မအောင်မြေစာသင်တိုက်အတွင်းရှိ ဆရာတော် သံဃာတော် များအား ဦးသိန်းဇော်-ဒေါ်စန်းစန်းသွင် ဦးဆောင်သော မြရတနာ၊ မေယု၊ အနန်းပင်၊ ပုရွက်ဆိတ်ကုန်း ရပ်ကွက်များမှ အလှူရှင်များစုပေါင်း၍ (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။ (ကြေးမုံ)

အများအားဖြင့် မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဇူလိုင် ၃၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင်နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ ခန္တီးမြို့တွင် ၃ဒသမ ၄၆လက်မ၊ ကလေးဝမြို့တွင် ၂ဒသမ ၉၅လက်မ၊ ဖျာပုံမြို့တွင် ၂ဒသမ ၉၁လက်မ၊ စစ်တွေမြို့တွင် ၂ဒသမ ၈၄ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ကော့ကရိတ်မြို့တွင် ၂ ဒသမ ၅၂ လက်မ၊ မော်လမြိုင်မြို့တွင် ၂ဒသမ ဝ၉လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၁ဒသမ ၈၁လက်မ၊ တောင်ငူမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၆၂ လက်မနှင့် တောင်တွင်းကြီးမြို့တွင် ၁ဒသမ၅၄ လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

ဇူလိုင် ၃၁ ရက် ညနေထိ ခန့်မှန်းချက်

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ အများအားဖြင့် မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၀ ဒသမ၃ ဒီဂရီစင်တီဂရိတ် (၈၆ ဒီဂရီဖာရင်ဟိုက်) ၂၉-၇-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၆၉ ဒီဂရီဖာရင်ဟိုက်) ၃၀-၇-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း ၃၀-၇-၂၀၀၈

နေပူသည့်နာရီပေါင်း ၃ ဒသမ ၀ နာရီခန့် ၂၉-၇-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၃၀-၇-၂၀၀၈	၂၉ မမ (၁ဒသမ ၁၄လက်မ)	၄၆ မမ (၁ ဒသမ ၈၁လက်မ)	၃၀ မမ (၁ ဒသမ ၁၈လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၁၅၇၁ မမ (၆၁ဒသမ၈၅လက်မ)	၁၇၇၇ မမ (၆၉ဒသမ ၉၆လက်မ)	၂၁၁၅ မမ (၈၃ ဒသမ ၂၇လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၉-၇-၂၀၀၈ ရက် ၂၃း၀၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ (၉)မိုင်နှုန်း တိုက်ခတ်သည်။



အောင်ချမ်းမြေ

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

အမှတ်-၁၆၊ တတိယထွာ(ပွင့်ရွှေလင်းတာယာ နှင့် အလွှိုင်းဖိုး ရောင်းဝယ်ရေးဆိုင် အပေါ်ဆုံးထပ်)

ပိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၅၃၄၇၃၃၊ ၅၃၄၈၈၃

Open (AM-7:00 to PM-9:00) ပိတ်ရက်မရှိပါ။

ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့် နာမည်ကြီး ဆေးဝါး ကျွမ်းကျင်ပညာရှင်များ၊ ဆရာဝန်များ၊ သူနာပြုအုပ် (အငြိမ်းစား)များ ဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ် - မြန်မာနှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြ သင်ကြားပေးသည်။ နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန် အဓိကသင်ကြားပေးသည်။ ကျွမ်းကျင်သောသူနာပြုအကူဖြစ်အောင် သင်ပေးသည်။ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရရှိရေး ကူညီမည်။ သင်တန်းဆင်းအောင်လက်မှတ် ထုတ်ပေးသည်။ သန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိသည်။ လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင်စာရင်းသွင်းထားပါ။

စာရွက်စာတမ်း+လက်တွေ့အပြီးအစီး ➢ { ပ - အရစ် -၁၅၀၀၀ိ/- ; ဒု -အရစ် -၁၀၀၀၀ိ/- ; တ -အရစ် -၁၀၀၀၀ိ/- } ၃၅၀၀၀ိ/

တစ်ကြိမ်အပြီး- ၃၂၀၀၀ိ/-

◆ **(၁)လပြတ်အထူးသင်တန်း**

အပတ်စဉ်(၅၁၀) ၆-၈-၂၀၀၈ စမည်။ တနင်္လာနေ့မှ သောကြာနေ့အထိ
Section(1) 09:00AM to 12:30 PM (16)ဦး
Section(2) 01:30PM to 04:30PM (16)ဦး

◆ **(၂)လပြတ်အထူးသင်တန်းများ**

အပတ်စဉ်(၅၁၁) ၇-၈-၂၀၀၈ စမည်။ ကြာသပတေးနှင့် သောကြာ
အပတ်စဉ်(၅၁၂) ၉-၈-၂၀၀၈ စမည်။ စနေနှင့် တနင်္ဂနွေ
အပတ်စဉ်(၅၁၃) ၁၁-၈-၂၀၀၈ စမည်။ တနင်္လာ နှင့် အင်္ဂါ
Section(1) 09:00AM to 12:30 PM (16)ဦး
Section(2) 01:30PM to 04:30PM (16)ဦး

◆ **(၃)လပြတ် အထူးသင်တန်းများ**

အပတ်စဉ်(၅၁၄) ၉-၈-၂၀၀၈ စမည်။ စနေနေ့တစ်ရက်တည်းသာ။
အပတ်စဉ်(၅၁၅) ၁၀-၈-၂၀၀၈ စမည်။ တနင်္ဂနွေ တစ်ရက်တည်းသာ။
Section(1) 08:00AM to 12:30PM (16)ဦး
Section(2) 01:30PM to 05:30PM (16)ဦး

◆ **(၂)ပတ်အပြီး ဂွတ်ရှယ်အထူးသင်တန်း**

အပတ်စဉ်(၅၁၆) ၁၁-၈-၂၀၀၈ စမည်။ တနင်္လာမှ သောကြာအထိ
09:00AM to 04:30PM (16)ဦး

◆ **(၁)လပြတ်(ညပိုင်းအထူးသင်တန်း)**

အပတ်စဉ်(၅၁၇) ၁၁-၈-၂၀၀၈ စမည်။ တနင်္လာနေ့မှ သောကြာ(နေ့စဉ်)
Section(1) 05:00PM to 07:00PM (16)ဦး
Section(2) 06:00PM to 08:00PM (16)ဦး

အနာဂါမ်ဆရာသက်ကြီး တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၃၀

ကမ္မဋ္ဌာနာစရိယ သံဃာတော်များဦးဆောင်သော လယ်တီ ဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် (သန်လျင်)၌ ကျင်းပမည့် (၂၀၈)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက်တရားစခန်းကို (ဝါဆိုလကွယ်နေ့) ဩဂုတ် ၁ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

ထိုတရားစခန်းတွင် ပုသိမ်မြို့ မင်္ဂလာအောင်မြေ ဆရာတော် ဦးနန္ဒိယ (သာသနာ့ဓဇ ဓမ္မာစရိယ ပထမကျော်) ဦးဆောင်သော ဆရာတော် ဦးဓမ္မပီယ၊ ဆရာတော် ဦးအာလောက၊ ဆရာတော် ဦးအဂ္ဂညာဏနှင့် ဆရာဦးတင်အောင်၊ ဆရာလေး ဒေါ်ဘဒ္ဒကစ္စနာ၊ ဆရာမ ဒေါ်ခင်ဦးရင်တို့က တရားပြသမည်ဖြစ်သည်။ ရန်ကုန်မှ တရားစခန်း ဝင်လိုသူများကို မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးမည်ဖြစ်ရာ အာဇာနည်လမ်း၊ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီးရှိ မင်္ဂလာဗျူဟာ အသင်းချုပ်သို့ ထိုနေ့ ညနေ ၃ နာရီအရောက် ကြွရောက်ကြပါရန် နှိုးဆော်ထားသည်။ (ကြေးမုံ)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံ) ဦးမောင်ဖေနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးမှူးများ တွေ့ဆုံပွဲကို ဇူလိုင် ၂၉ ရက်က သယ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ ခရိုင်ရုံး၌ကျင်းပရာ ညွှန်ကြားရေးမှူး(စီမံ)က လုပ်ငန်းဆိုင်ရာများ မှာကြားစဉ်။ (ပြန်/ဆက်)

ဇူလိုင် ၃ ရက်က ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း ဗိုလ်ချုပ်လမ်း ဝဲ/ယာ တစ်လျှောက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် အမှိုက်များနှင့် ရွှံ့ညွန်များ သယ်ယူရှင်းလင်းနေမှုကို အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်း ကြီးကြပ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဧစ္စစပ်ဧကြာင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊
ဦးပေါ်ဦးလမ်း၊ အမှတ် (၁၆/၉၅၅)နေ
ဗိုလ်ကြီးသန်းဆွေ (ငြိမ်း)-ဒေါ်မြင့်ကြည်တို့၏ သားငယ်
မိုလ်ကြီးဇေယျာကျော် (B.A History)
နှင့်
ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊
သစ္စာလမ်း၊ အမှတ်(၃၂၂/ခ)နေ
ဦးစိုးလှိုင်-ဒေါ်တင်တင်ဖြူ(စတား စိန်၊ ရွှေရတနာဆိုင်)တို့၏ သမီးကြီး
**မရွှေဝတ်ရည်လှိုင်(ခ)သဲသဲ B.Sc(Physics), M.Sc Part (I),
Diploma in Information Technology,
Diploma in Electronics,
Diploma in Software Engineering**

တို့သည် ၂၇-၇-၂၀၀၈ ရက်(တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးဇေယျာကျော်-မရွှေဝတ်ရည်လှိုင်(ခ)သဲသဲ

လက်ထပ်ပြီးစီးခြင်းနှင့် မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ကပ္ပတိန်သန်းလွင်ထွန်း (ရေကြောင်းပြအရာရှိ၊ ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-
ဒေါ်ချိုချိုမာ (နည်းပြ၊ ငြိမ်း၊ လုပ်သားကောလိပ်)တို့၏ တစ်ဦးတည်းသောသား

**မောင်ကျော်သူရလွင် B.E(Chemical),YTU,
B.Sc.Hons.(Business Information Systems),
Middlesex University,London
M.Sc.(Information Systems),NTU, S'pore
Software Engineer, Qmatic Systems Pte,Ltd., S'pore**

နှင့်

လားရှိုးမြို့နေ ဒေါက်တာလှမင်း(အဖွဲ့ခေါင်းဆောင်၊ ငြိမ်း၊ ပြည်နယ်ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့)-
ဒေါ်ဝင်းဝင်းကြည် (အထက်တန်းပြ၊ ငြိမ်း)တို့၏သမီးကြီး

**မဝတ်မှုံဝင်း B.E(Civil), MTU,
M.Sc (Transportation Engineering), NTU, S'pore
Contracts Administrator, Utracon Structural Systems Pte. Ltd., S'Pore.**

တို့သည် ၂၉-၆-၂၀၀၈ရက်တွင် စင်ကာပူနိုင်ငံ Pariss International Buffet Restaurant, Narina Square ၌ Ms. Tan Isha Isabell (Deputy Registrar of Marriage)နှင့် နှစ်ဖက်သော မိဘများရှေ့မှောက်တွင် မင်္ဂလာလက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်းနှင့် ၆-၇-၂၀၀၈ ရက်တွင် Inle Myanmar Restaurant ၌ ကျင်းပခဲ့သော မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်
မောင်ကျော်သူရလွင်–မဝတ်မှုံဝင်း**

ထူးကဲဒီရေ တက်မည့်အကြောင်း သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၃၀

၂၀၀၈ခုနှစ် ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁၈ ပေခန့်မှ ၂၁ ဒသမ ၀၀ ပေခန့်အထိ ထူးကဲဒီရေ တက်မည်ဖြစ်ကြောင်း၊ ယခင် ၂၀၀၆-၂၀၀၇ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၇ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်း ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ သတိပေး အကြောင်းကြားထားသည်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းအသင်းအနိုင်ရပြီး ဗိုလ်လုပွဲတက်

ရန်ကုန် ဇူလိုင် ၃၀

၂၀၀၈ခုနှစ် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းတို့သည် ယနေ့ညနေ ၃နာရီက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားကြရာ **(အောက်ပုံ)** ရန်ကုန်တိုင်းအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

လူငယ်ကစားသမားအများစုဖြင့် ဖွဲ့စည်းထားသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းမှာ အနိုင်မခံ၊ အရှုံးမပေးစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ဂိုးအရရှုံးသော်လည်း ခြေစွမ်းအရမရှုံးဘဲ သူတင်ကိုယ်တင် ယှဉ်ပြိုင်နိုင်ခဲ့သည်။

ရန်ကုန်တိုင်းအသင်းအတွက် အနိုင်ဂိုးများကို မာလာဝင်းက ၃၃မိနစ်၊ သီတာကြည်က ၃၉မိနစ်တို့တွင် တစ်ဂိုးစီသွင်းယူခဲ့ပြီး ၁၈ မိနစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း နောက်ခံလူ မြင့်မြင့်ခိုင်က ဖျက်ထုတ်ရာမှ ဂိုးဝင်သွား၍ တစ်ဂိုးပေးလိုက်ရသည်။

ယနေ့ပွဲ

ညနေ ၃ နာရီ(အောင်ဆန်းကွင်း)

ဒုတိယအကြိုဗိုလ်လုပွဲ

မန္တလေးတိုင်း နှင့် ဧရာဝတီတိုင်း

(ကြေးမုံ)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် မင်းကန်ရေလှောင်တမံဖွင့်လှစ် ဒေသစိမ်းလန်းစိုပြည်ရေး အထောက်အကူပြုပြီး စပါးနှင့်အခြားသီးနှံ ဧက ၂၀၀၀အတွက် ရေပေးဝေနိုင်ပြီ

နေပြည်တော် ဇူလိုင် ၁၀

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူတည်ဆောက်ပြီးစီးသည့် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် မင်းကန်ကျေးရွာအနီးရှိ မင်းကန်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် အဆိုပါရေလှောင်တမံ အနီးမဂ်လာမဏ္ဍပ်၌ ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်)မှ တာဝန်ရှိသူများ၊ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ပခုက္ကူခရိုင်နှင့် မြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတောင်သူဦးကြီးများနှင့် ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်လိုက်သည့် မင်းကန်ရေလှောင်တမံသည် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ ပခုက္ကူခရိုင်အတွက် **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻**

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အလုပ်သမားနှင့်ယဉ်ကျေးမှုတို့ အနိုင်ရရှိ

နေပြည်တော် ဇူလိုင် ၁၀

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော်ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနားပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ယနေ့ညနေ ၃ နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကွင်း၌(ခ)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းက အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက တရားရုံးချုပ်အသင်းကို ၁၀ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။ **စာမျက်နှာ ၇ ကော်လံ ၅ သို့ ❍**

ကာကွယ်ရေးဝန်ကြီးဌာန(ကြည်း၊ရေ၊လေ) ရုံး၊ဌာနများ၏ စခန်းမှူးရုံး စခန်းမှူးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

ကာကွယ်ရေးဝန်ကြီးဌာန (ကြည်း၊ရေ၊လေ)ရုံး၊ဌာနများ၏ စခန်းမှူးရုံး စခန်းမှူးဖလား ၂၀၀၈ခုနှစ် မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ၄နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးကွင်း၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းနှင့် စစ်ထောက်ချုပ်ရုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်ထောက်ချုပ်ရုံးအသင်းက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက် ဆုပေးပွဲအစီအစဉ်များကို ကျင်းပရာ အသန့်ရှင်းဆုံးဆုနှင့် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်း၊ အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးနောက်တန်းဆု၊ အကောင်းဆုံးရှေ့တန်းဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမား ဆုရရှိသူများအား တာဝန်ရှိသူများကဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းက ပထမဆုရ စစ်ထောက်ချုပ်ရုံးအသင်းအား တစ်ဦးချင်းဆုများ၊ ပထမဆုနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့် ပြည်သူများအတွက် ရေသန့်စက်များလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၀

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် World Vision (Myanmar)မှ Advisor, Mr. Kieran Scott က လေဘေးသင့်ဒေသပြည်သူများ အသုံးပြုရန် အမေရိကန်ဒေါ်လာ ၁၂၃၉၀၀ တန်ဖိုးရှိ ဘက်ထရီသုံး ရေသန့်စင်စက် အလုံး၇၀ကို ယနေ့ညနေ၃နာရီတွင် ရန်ကုန်ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာဌာန ကျန်းမာရေးဝန်ကြီးဌာန ယာယီကွပ်ကဲမှုရုံးခန်း၌ လာရောက်ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)